# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၂) ရက် ၊ ကြာသပတေးနေ့ ၊ (24-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပေးအပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ)ကို ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)ကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# စာပေမြင့်မားရေးသည် နိုင်ငံသားတိုင်း၏တာဝန်

စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို မြန်မာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုများတွင် အထင်အရှားတွေ့မြင်နိုင်သည်။ မြန်မာလူမျိုးနှင့် မြန်မာစာပေသည် ခေတ်အဆက်ဆက် မကင်းမကွာရှိနေခဲ့ပြီး အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် စာပေနှင့်ပြည်သူတို့ အပြန်အလှန်အကျိုးပြုနိုင်သည့် သာဓကများစွာရှိခဲ့သည်။ မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစမှ မျက်မှောက်ခေတ်ထိ နှစ်ပေါင်း ၁၀၀၀ ရှိပြီဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ မြန်မာစာပေကို မပျောက်ပျက်ရန်နှင့် အဆင့်အတန်းမြင့်စေရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။

ယနေ့ကမ္ဘာကြီးသည် ခေတ်မီတိုးတက်လာသည်နှင့်အမျှ နည်းပညာနှင့်အပြိုင် အသက်မွေးဝမ်းကျောင်းပြုရသော ပညာခေတ်သို့ရောက်ရှိခဲ့ပေသည်။ ပညာခေတ်တွင် စာပေသည် လူသားတို့နှင့် ကင်းကွာ၍မရပေ။ ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာသော စာပေမှစ၍ မျက်မှောက်ခေတ် စာပေရေးရာများကို လေ့လာကြရမည်ဖြစ်သည်။ လူငယ်များ စာအုပ်စာပေကို ပို၍လေ့လာဖတ်ရှုရမည်ဖြစ်သည်။ စာအုပ်စာပေဖတ်မှ အမှားအမှန်ကို ခွဲခြားသိရှိနိုင်ခြင်း၊ ဦးနှောက်ဆင်ခြင်တုံတရားများ ရရှိနိုင်ခြင်း၊ လောကဓံကို ရင်ဆိုင်နိုင်ခြင်း စသည့်အရည်အချင်းများ ရရှိမည်ဖြစ်သည်။

ခေတ်စနစ်များပြောင်းလဲလာသော်လည်း မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် ဓလေ့ထုံးစံများ၊ သမိုင်းအမွေအနှစ်များသည် ရှေးခေတ်စာဆိုတို့၏ သမိုင်းမှတ်တမ်းများတွင် လေ့လာသိရှိနိုင်သည်။ ထို့ကြောင့် မြန်မာ့အမွေ၊ သမိုင်းအမွေဖြစ်သော မြန်မာစာပေကိုထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ စာပေကို ဖတ်ရှုလေ့လာပြီး ခေတ်နှင့်အညီ ဆန်းသစ်မှုများကို ဖော်ညွှန်းပြသကြရမည်ဖြစ်သည်။ သို့မှသာ မြန်မာစာပေအဆင့်အတန်းမြင့်မားပြီး ကမ္ဘာကသိမည်ဖြစ်သကဲ့သို့ ကမ္ဘာ့အလယ်တွင် တင့်တယ်သည့်လူမျိုးအဖြစ် ဂုဏ်ယူနိုင်ပေမည်။

စာပေဖတ်ရှုခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခြင်း၊ မိမိတို့၏ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေခြင်း၊ အကျင့်စာရိတ္တကောင်းမွန်စေခြင်း စသည့် ကောင်းကျိုးများကို ရရှိသည်။ ထို့ကြောင့် နိုင်ငံနှင့်လူမျိုးအတွက် စာပေတာဝန်ထမ်းဆောင်လျက်ရှိသော စာပေပညာရှင်များကို နိုင်ငံတော်က နှစ်စဉ် ဂုဏ်ပြုချီးမြှင့်လေ့ရှိသည်။

မြန်မာစာပေတိုးတက်ရေးအတွက် ထူးချွန်ပြောင်မြောက်စွာ ရေးသားပြုစုခဲ့ကြသူများကို နိုင်ငံတော်က ချီးကျူးဂုဏ်ပြုသောအားဖြင့် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က နေပြည်တော်ရှိ **MICC-2** ၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသည် နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် စာပေတာဝန်ဖြင့် ထူးချွန်စွာထမ်းဆောင်ခဲ့သူ စာပေပညာရှင်များကို ထပ်ဆင့်ဂုဏ်ပြုသည့် စာပေဆုနှင်းသဘင်ပွဲတော်တစ်ခုပင်ဖြစ်သည်။ မြန်မာစာပေတိုးတက်ရေးအတွက် မိမိဘဝကို စာပေမှာ နှစ်မြှုပ်အချိန်ပေးကာ နိုင်ငံနှင့်လူမျိုး အကျိုးရှိစေမည့် စာပေများစွာ ရေးသားခဲ့သူ စာပေပညာရှင်များကို နိုင်ငံတော်အကြီးအကဲများက ခေတ်အဆက်ဆက် လေးလေးစားစား ဂုဏ်ပြုချီးမြှောက်မှုပြုလေ့ရှိသည်။

သို့ဖြစ်၍ စာပေဟူသည် လူမျိုး၏အသက်ပင်ဖြစ်သည်။ စာပေသည် နိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြသနိုင်သည်။ ထို့ကြောင့် နိုင်ငံ့အကျိုးကို ကလောင်သွားဖြင့် ဆတက်ထမ်းပိုးသယ်ပိုးကာ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ကြရပေမည်။ မြန်မာစာပေတိုးတက်မြင့်မားရေးသည် နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးချော်ဆိပ်ကမ်းမှ ရွှေကူ၊ ကသာ၊ ဗန်းမော်ဘက်သို့ လိုက်ပါစီးနင်းသည့်ခရီးသွားဦးရေ များပြားလာ



**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေး ချော်ဆိပ်ကမ်းမှ ရွှေကူ၊ ကသာ၊ ဗန်းမော်ဘက်သို့ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ နိုဝင်ဘာ ၂၂ ရက်မှစ၍ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်အတွင်း မန္တလေးမြို့မှ ကုန်ကြမ်းနှင့် ကုန်ချောများ တင်ပို့ရာတွင် ရွှေကြက်ယက်ဆိပ်ကမ်း၊ ဂေါဝိန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်းနှင့် ချော်ဆိပ်ကမ်းတို့မှ တင်ပို့လျက်ရှိပြီး ချော်ဆိပ်ကမ်းမှာ ခရီးသည်နှင့် ကုန်စည်တင်ပို့မှု အများဆုံး ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိ ချော်ဆိပ်ကမ်းမှ ရွှေကူ၊ ကသာ၊ ဗန်းမော်ဘက်သို့ ခရီးသည်လိုက်ပါစီးနင်းမှု များပြားလာကြောင်း သိရသည်။

"ချော်ဆိပ်ကမ်းကနေ နိုဝင်ဘာလ ပထမပတ်လောက်ထိ ခရီးသည်လိုက်ပါစီးနင်းမှုက သိပ်မရှိပါဘူး။ အခုက မန္တလေးကနေ ရွှေကူ၊ ကသာ၊ ဗန်းမော်ဘက်ကို သွားလာနေတဲ့ ခရီးသည်တွေက ကုန်သည်တွေများတယ်။ ဆန်ကုန်သည်တွေ၊ ဆီကုန်သည်တွေ၊ ကြက်သွန်ကုန်သည်တွေက ချော်ဆိပ်ကမ်းကနေ ရွှေကူ၊ ကသာ၊ ဗန်းမော်ဘက်ကိုလိုက်ပါစီးနင်းမှု အရင်ကထက်ပိုပြီးများလာတယ်။ ချော်ဆိပ်ကမ်းတစ်ခုတည်းမှာ အခုလတ်တလော ကုန်စည်ရရှိမှုများလာတာကြောင့် ကုန်တင်၊ ကုန်ချလုပ်သား အယောက် ၃၀၀ ကျော်လောက်ထိ လုပ်ငန်းလုပ်ကိုင်နေပါတယ်။ ကုန်စည်တွေထဲမှာတော့ လတ်တလော ကြက်သွန်နီ၊ ဆန်နဲ့ကုလားပဲ စတဲ့ ကုန်စည်တွေ တင်ပို့မှုအားကောင်းနေပါတယ်" ဟု ဦးဝင်းမောင်က ပြောပြသည်။

ချော်ဆိပ်ကမ်းမှ နိုဝင်ဘာလ ပထမပတ်လောက်ထိ ရွှေကူ၊ ကသာ၊ ဗန်းမော်ဘက်သို့ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိကြောင်း၊ နိုဝင်ဘာ ၂၂ ရက်မှစ၍ ၎င်းဆိပ်ကမ်းမှ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

ချော်ဆိပ်ကမ်းတွင်ခရီးသည်လိုက်ပါစီးနင်းသည့်သင်္ဘောအပါအဝင် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၁၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း မြို့နယ်အသီးသီးမှဝင်ရောက်လာသည့် တရုတ်စံကားပွင့်ခြောက်များ ဈေးကောင်းရရှိနေ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးဈေးကွက်အတွင်း၌ မြို့နယ်အသီးသီးမှ ဝင်ရောက်လာသည့် တရုတ်စံကားပွင့်ခြောက်များ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ တရုတ်စံကားပင်များသည် နေရာဒေသမရွေး ပေါက်ရောက်လေ့ရှိပြီး တရုတ်စံကားပွင့်များသည် ယခုနှစ်တွင် ဈေးကွက်ဝင်ပစ္စည်းဖြစ်လာကာ ဈေးကွက်အတွင်း၌ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်၌ တရုတ်စံကားပွင့်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ရရှိနေပြီး ၎င်းတရုတ်စံကားပွင့်ခြောက်များကို တရုတ်ဝယ်လက်များက ရသလောက်ဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။

"တရုတ်စံကားပင်ဟာ ဒေသအနှံ့မှာ အလေ့ကျပေါက်ပင်နဲ့ စိုက်ပျိုးပင်တွေဆိုပြီး ပေါက်ရောက်နေတာတွေရှိပါတယ်။ စစ်ကိုင်းတောင်ရိုးချောင်တွေမှာ တစ်တောင်လုံးဖုံးလွှမ်းနေတာကို တွေ့မြင်ရပါတယ်။ အခုလိုမျိုး ဈေးကွက်ဝင်လာတာက စမ်းသပ်တင်ပို့ရင်းနဲ့ ဒီနှစ်မှာ ပန်းပွင့်ခြောက်တွေကို ရသလောက်ဝယ်ယူနေတာဖြစ်ပါတယ်။ အခုလိုမျိုးဈေးကွက်ဝင်လာတာကြောင့် လက်လုပ်လက်စား ပြည်သူတွေအတွက် အပိုဝင်ငွေတွေ ရရှိနေပါတယ်။ တရုတ်စံကားပင်တွေကို ငါန်းဇွန်မြို့နယ်ထဲမှာလဲ ဧက ၁၀၀ လောက် စမ်းသပ်စိုက်ပျိုးခဲ့တာ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့ရပါတယ်။ အခုလို အလားအလာကောင်းတဲ့ အပင်တွေကို စနစ်တကျဈေးကွက်ဝင်ဖြစ်အောင် ဖော်ဆောင်သင့်ပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ တရုတ်စံကားပင်များသည် ဒေသမရွေး ပေါက်ရောက်လေ့ရှိပြီး ရာသီမရွေးပွင့်လေ့ရှိသည့်အတွက် ဈေးကွက်သို့အလွယ်တကူရောင်းချနိုင်ကြောင်း၊ တရုတ်စံကားပွင့်ခြောက်များသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ အများဆုံးဝင်ရောက်နေကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးဈေးကွက်တွင် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည် စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပဲစင်းငုံ(နီ)များကို ပြည်ပသို့ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ပြည်ပက ပဲစင်းငုံ(နီ)များ ဝယ်ယူမှုများပြားလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ပဲစင်းငုံ(နီ) ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲစင်းငုံ(နီ)က အရင်က ပြည်ပဈေးကွက်မှာကော ပြည်တွင်းဈေးကွက်မှာပါ အရောင်းအဝယ်အေးနေခဲ့ပါတယ်။ အခုလက်ရှိက အရောင်းအဝယ် ကောင်းလာတာကြောင့် မန္တလေးဈေးကွက်အတွင်းမှာလဲ ဈေးကောင်းပြန်ရနေပါတယ်။ မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေအဝယ် ပြန်လိုက်လာပြီး အရောင်းအဝယ်လဲကောင်းလာတာကြောင့် ဈေးကောင်းပြန်ရလာတာပါ"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း၌ နိုဝင်ဘာလ ပထမပတ်အတွင်း ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၈၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲစင်းငုံ(နီ)ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးခရိုင် မြို့နယ်ငါးမြို့နယ်တွင် ဆောင်းသီးနှံစားတော်ပဲ ၄၀၆၃ ဧက စိုက်ပျိုးမည်

**လားရှိုး နိုဝင်ဘာ ၂၃**

လားရှိုးခရိုင် မြို့နယ်ငါးမြို့နယ်တွင် ဆောင်းသီးနှံစားတော်ပဲ ၄၀၆၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

လားရှိုးခရိုင် လားရှိုးမြို့နယ်၊ သိန်းနီမြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွမ်းလုံမြို့နယ်တို့တွင် ဆောင်းသီးနှံစားတော်ပဲကို တစ်အုပ်တစ်မစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် စားတော်ပဲစိုက်ပျိုးရန်အတွက် ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

“လားရှိုးခရိုင်ထဲက မြို့နယ်တွေမှာ ဒေသနဲ့ကိုက်ညီတဲ့ ဆောင်းသီးနှံစားတော်ပဲကို စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ စားတော်ပဲမျိုးတွေ၊ သွင်းအားစုတွေကို အချိန်မီရရှိစေဖို့ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနတွေက စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ စားတော်ပဲအထွက်နှုန်းကောင်းမွန်စေဖို့အတွက် စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေ၊ စံပြစိုက်ကွက်တွေကိုလဲ မြို့နယ်အလိုက် ဆောင်ရွက်ပေးသွားမှာပါ။ ရာသီအလိုက်ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးနည်းလမ်းတွေကိုလဲ သက်ဆိုင်ရာ မြို့နယ်အလိုက် စိုက်ကွင်းထဲအရောက် အသိပညာပေးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ။ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်စေဖို့၊ လယ်ယာသုံး စက်ကိရိယာတွေအချိန်မီရရှိစေဖို့အတွက်လဲ သက်ဆိုင်ရာ စက်မှုလယ်ယာဦးစီးဌာနတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေတယ်”ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင်တွင် မြို့နယ်အလိုက် ဆောင်းသီးနှံစားတော်ပဲ စိုက်ပျိုးရန်လျာထားမှုမှာ လားရှိုးမြို့နယ်တွင် ဧက ၈၁၀၊ သိန်းနီမြို့နယ်တွင် ၁၂၅ ဧက၊ တန့်ယန်းမြို့နယ်တွင် ၂၄၅၂ ဧက၊ မိုင်းရယ်မြို့နယ်တွင်ဧက ၃၅၀၊ ကွမ်းလုံမြို့နယ်တွင် ၃၂၆ ဧကတို့ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ သင်ပန်းကုန်းရပ်နေ ကျန်ရစ်သူမိသားစုတို့က ဒေါ်မူမူအား ရည်စူး၍ ဆေးပဒေသာသင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ် ဦးမြဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိကာလအတွင်း ပြည်ပနိုင်ငံများမှ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၄၉၃၄ သန်းပိုး တင်သွင်းထား



**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိ ကာလအတွင်း ပြည်ပနိုင်ငံများမှ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း အမေရိကန်ဒေါ်လာ ၄၉၃၄ သန်းဖိုး တင်သွင်းထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်ထိ ကာလအတွင်း ပြည်ပနိုင်ငံများမှ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံပိုင်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၇၂ သန်းကျော်ဖိုးတင်သွင်းခဲ့ခြင်းဖြစ်ပြီး ပုဂ္ဂလိကပိုင်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၄၈၆၂ သန်းဖိုး တင်သွင်းထားကြောင်း သိရသည်။

“မြန်မာနိုင်ငံအနေနဲ့ နိုင်ငံပေါင်း ၂၀ လောက်က စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနဲ့ စက်မှုကဏ္ဍအတွက် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းတွေ တင်သွင်းထားမှုကတော့ ဧပြီ ၁ ရက်ကနေ နိုဝင်ဘာ ၁၁ ရက်ထိ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၄၉၃၄ သန်းဖိုးဖြစ်ပါတယ်။ ဒါကလဲ ပြည်တွင်းမှာ စက်မှု၊ စားသောက်ကုန်၊ စိုက်ပျိုးရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ လည်ပတ်မှုမြင့်တက်လာတဲ့အတွက်ဖြစ်ပါတယ်” ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများမှ တင်သွင်းကုန်များ တင်သွင်းရာတွင် စက်မှုလုပ်ငန်းများအတွက် ချည်မျှင်နှင့်အထည်အလိပ်၊ စက်သုံးဆီနှင့် ဆက်စပ်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစုများ၊ စားသောက်ကုန်လုပ်ငန်းများအတွက် ဂျုံ၊ စားသုံးဆီတို့ကို တင်သွင်းနေကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များ၌ ရေနံထွက်ပစ္စည်းတင်သွင်းမှုက ပထမနေရာတွင်ရှိနေပြီး ဒုတိယနေရာတွင် ချည်မျှင်နှင့် အထည်အလိပ်တင်သွင်းမှုရှိနေကြောင်း ဦးနန္ဒက ပြောပြ၍ သိရသည်။

**ASH**

# မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းဆောင်ရွက်မှု စစ်ဆေး

**မင်းပြား နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ဇီးပင်ကြီးကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မင်းပြားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဇီးပင်ကြီးကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ၌ အလျားပေ ၉၀၊ အနံပေ ၉၀၊ အနက်သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၈၅၇ သန်းဖြင့် အိအိဖြိုးကုမ္ပဏီက တာဝန်ယူ၍ စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# စလင်းမြို့နယ်၌ ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးက ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးစိုးခိုင်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာလမ်းဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော တော်ဝင်ထွန်းကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ စလင်းမြို့နယ် ဖောင်းလင်း-ငွေတောင်-မကျီးပင်ပု ကျေးရွာကုန်ထုတ်လမ်း အရှည် ၂ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ Pipe Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၉၅၉ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက အောက်တိုဘာ ၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇော်မာ**



# စကားအရာ အင်္ဂါသုံးဖြာ

မြင့်ခြံကျော်အောင်

သတ္တဝါအားလုံးတွင်ပါရှိသော ခံတွင်းအင်္ဂါ၏ အဓိကလုပ်ငန်းတာဝန်များမှာ အစာစားသောက်ခြင်းနှင့် စကားပြောဆိုခြင်းတို့ဖြစ်ကြသည်။ ခံတွင်းအင်္ဂါကို လူတို့သည် အကျိုးရှိစွာ အသုံးချရမည်။ မိမိနှင့် မသင့်သော အစားအစာကို မစားသောက်ခြင်း၊ မိမိနှင့်သင့်သည့် အစားအစာကို စားသောက်ခြင်းပြုကြရမည်။ ထို့အတူ ပြောသင့်သောစကားကို ပြောကြရမည်။ မပြောအပ်သောစကားကို မပြောဘဲ ဆင်ခြင်ရမည်။ ဘုရားဝတ်ပြုခြင်းအပါအဝင် ပညာရှင်၊ ဗဟုသုတရှိသူများနှင့် ဆွေးနွေးတိုင်ပင်ရမည်။ တိကျစွာလိုက်နာနိုင်ခြင်းနှင့် ကြီးမားသောအကျိုးတရားများ ရရှိကြမည်။ ဘုရား၊ တရား၊ သံဃာကို မျက်ကွယ်ပြုပြီး ဆွေးနွေးတိုင်ပင်သင့်သူနှင့် မချဉ်းကပ်၊ မဆွေးနွေးဘဲနေကြခြင်းဖြင့် ဆိုးကျိုးများခံစားကြရမည်။

ကောင်းကျိုးတရားများ ခံစားရစေခြင်းငှာ စကားအရာတွင် ခွဲခြားသတ်မှတ်ထားသော အချက်အလက်အမျိုးအစားအစိတ်အပိုင်း သုံးပိုင်းကို ရေးသားဖော်ပြပါမည်။ ဤသည်တို့ကား-

ပထမ ပြောအပ်သောစကားအင်္ဂါ၊

ဒုတိယ မပြောအပ်သောစကားအင်္ဂါ၊

တတိယ ဆွေးနွေးခြင်း၊ ဆုံးမခြင်းပြုသည်ကို လိုက်နာဆောင်ရွက်သည့် စကားအင်္ဂါ

တို့ဖြစ်ကြပေသည်။

အခြားအရေးကြီးသော အကြောင်းအရာများသည်ကား ခါးဝတ်ပုဆိုးပမာ မြဲရမည့်စကား။ ဤသည်ကား **မုသာဝါဒကံကို မကျူးလွန်ရန်** ဖြစ်သည်။ မြတ်ဗုဒ္ဓက ဆုံးမခဲ့သောတရား ဖြစ်သည်။ မုသာဝါဒကံဟူသည် ကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ်အမူအရာဖြင့်ဖြစ်စေ သူတစ်ပါးအကျိုးပျက်စီးအောင် မဟုတ်မမှန် လိမ်လည်ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် အများဆုံးကျူးလွန်နေကြသည်မှာမုသာဝါဒကံဖြစ်သည်။ ခါးဝတ်ကဲ့သို့ မမြဲကြပေ။ အနိမ့်ဆုံးအားဖြင့် လာမည်ပြောပြီးမလာ။ လုပ်ပေးမည်ပြောပြီး လုပ်မပေးမှုဖြစ်သည်။ ကြီးမားသော လိမ်လည်မှုများမှာ ငွေကျပ် သိန်းချီ၊ ဆယ်ချီ၊ ရာထောင်ချီပြီး ပေးရမည့်အချိန်ပြန်မပေးမှု၊ လုံးဝမပေးဘဲ တိမ်းရှောင်ထွက်ပြေးသွားမှုများဖြစ်သည့် ငွေကြေးလိမ်လည်မှုများဖြစ်ကြပေသည်။ ဒုက္ခတောင်ထုပမာဖြစ် ကြရသည်။

လူမှုရေးအရ နှစ်နာရမှုမှာ လူပျိုပါဟုပြောခြင်း၊ လူလွတ်ပါဟုပြောခြင်း၊ အိမ်ထောင်မရှိပါဘူးဟု ပြောခြင်းကိုယုံစားပြီး ပုံမှားမိမှုများဖြစ်သည်။ တစ်သက်တာအရှက်တကွဲအကျိုးနည်းရသည်။

ထို့ကြောင့် တစ်ဖက်လူပြောသောစကားသည် မုသားစကား ဟုတ်၊ မဟုတ် ဉာဏ်ဖြင့် ဆင်ခြင်ရမည်။ မဆင်ခြင်ဘဲ ယုံမိပါက ဒုက္ခပင်လယ်ဝေရမည်။

မြတ်ဗုဒ္ဓဟောခဲ့သည့် မုသာဝါဒကံကဲ့သို့ အရေးကြီးသော မင်္ဂလာနှစ်ပါးကို ဆက်လက်ဖော်ပြမည်။ ပထမ မင်္ဂလာမှာ **သုဘာသိတဝါစာ** မှန်ကန်၍ အကျိုးရှိသောစကားကို ချိုသာစွာပြောဆိုခြင်းဖြစ်သည်။ ဒုတိယမင်္ဂလာမှာ **သောဝစဿတာ** ဆိုဆုံးမလွယ်ကူခြင်းဖြစ်သည်။ ထိုမင်္ဂလာမှာ မိမိကပြောသူမဟုတ်။ ပညာရှိသူတော်ကောင်း ဗဟုသုတနှင့်ပြည့်စုံသူက ပြောဆိုဆုံးမမှုများကို မိမိကလိုက်နာခြင်းဖြစ်သည်။ မကောင်းမှုမှ ရှောင်ကြဉ်ရန် တားမြစ်သည်ကို လိုက်နာခြင်းနှင့် ကောင်းမှုပြုလုပ်ရန် တိုက်တွန်းသည်ကို လွယ်ကူစွာလိုက်နာခြင်းဖြစ်သည်။

ဤမင်္ဂလာနှစ်ပါးကို လိုက်နာခြင်းဖြင့် ကြီးစွာသော လောကီလောကုတ္တရာ အကျိုးတရားများ ခံစားရမည်။ ဖော်ပြပါ သီလနှင့် မင်္ဂလာများမှာ စကားအရာသုံးအင်္ဂါတွင်ပါဝင်သည်။

ဤစကားအင်္ဂါတို့သည် မြတ်ဗုဒ္ဓဟောကြားခဲ့သောတရားများပင်ဖြစ်သည်။

**ပြောအပ်သောစကားအင်္ဂါ**

ပြောအပ်သောစကား လေးမျိုးရှိသည်။ ဤသည်တို့ကား **ကောင်းမွန်မြင့်မြတ်သောစကား၊ အကြောင်းအကျိုးနှင့်စပ်၍ အကျိုးရှိသောစကား၊ ချစ်ဖွယ်သောစကား၊ မှန်သောစကား**တို့ဖြစ်သည်။ ချစ်ဖွယ်သောစကားနှင့်ပတ်သက်၍ အနည်းငယ်ဖော်ပြမည်။ စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမများက တပည့်တို့ကို သားတို့၊ သမီးတို့ ဟုခေါ်ရမည်။ မိဘက သားသမီးများကို သားသား၊ သမီးကြီး၊ သမီးငယ်ဟု ခေါ်ရပြောဆိုဆက်ဆံရမည်။ ညီငယ်၊ ညီမငယ်များက မိမိထက်ကြီးသူများကို ကိုကို၊ မမဟုခေါ်ပြီး ကြီးသူများက ငယ်သူများကို ညီညီ၊ ညီလေး၊ ညီမလေးဟု ခေါ်ရမည်။ ဝန်ထမ်းအကြီးအကဲများက ဝန်ထမ်းငယ်များကို ညီငယ်တို့၊ ညီမငယ်တို့ဟု ခေါ်ရမည်။ အလုပ်ရှင်က အလုပ်သမားများကို ညီဟုလည်းကောင်း၊ အသက်ကြီးသည့်အလုပ်သမားကို အစ်ကို၊ ဦးလေးဟုလည်းကောင်း စသည်ဖြင့် ခေါ်ဝေါ်ဆက်ဆံရမည်။

စကားများကိုလည်း မြတ်ဗုဒ္ဓက ဟောကြားထားသည်။ ဤသည်တို့မှာ အောက်ပါတို့ဖြစ်ကြသည်။

ရုပ်ရည်အဆင်းလှပ၍ ကောင်းသောအသံရှိစေကာမူ ပြောဆိုမိန့်မြွက်နှုတ်ထွက်စကား ကြမ်းတမ်းခက်ထန်ပါက ပစ္စုပ္ပန်လောကဠ်လည်းကောင်း၊ တမလွန်လောကဠ်လည်းကောင်း မနှစ်သက်ဖွယ်ဖြစ်၏။ မည်းနက်သော အဆင်းမလှသည့် ဥဩငှက်ငယ်ကို သာယာသောအသံကြောင့် သတ္တဝါအပေါင်းတို့သည် ချစ်ခင်နှစ်သက်ကြကုန်၏။ ထို့ကြောင့် **စကားကို ကြမ်းတမ်းစက်ထန်စွာ မပြောအပ်ပါပေ။** ဥပမာ- ကျောင်းဆရာ၊ ဆရာမများက တပည့်ကျောင်းသားငယ်များကို "ဟဲ့ကောင်တွေ၊ ဟဲ့ကောင်မတွေ"ဟု မခေါ်အပ်။ မိဘက သားများကို "ဟဲ့နွားရဲ့၊ ဟဲ့ခွေးကောင်ရဲ့"ဟု မခေါ်အပ်။ အစ်ကိုကြီးက ညီငယ်ကို "ဟေ့ ငတုံး"၊ အစ်မကြီးက ညီမငယ်ကို "ဟဲ့ ဆိတ်မ၊

❖ ဆရာကောင်း၊ ဆရာမြတ်တို့ထံ နည်းခံပြီး ဆရာကောင်း၊ ဆရာမြတ်တို့ ဆိုဆုံးမသြဝါဒတို့ကို နာခံမှတ်သားလေ့ရှိရမည်။ အမှုကိစ္စဟူသမျှတို့၌ အကျိုးရှိသည် မရှိသည်၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်စဉ်းစား၏။ အသိဉာဏ်ဗဟုသုတများသူနှင့် ဆွေးနွေးတိုင်ပင်ခြင်းပြုရမည်။ ထိုအခါ ပညာဉာဏ်တိုးပွားပြီး လောကီလောကုတ္တရာအကျိုးစီးပွားတိုးပွားရပေတော့သည်။ တစ်ဖက်လူပြောစကားကို ကောင်းစွာနားထောင်ရမည်။ ရှေ့စကား၊ နောက်စကား ညီ မညီ၊ တရားဥပဒေနှင့် ကိုက် မကိုက်၊ ဟုတ်မှန်သည် မှားယွင်းနေသည်၊ ညီညွတ်မှုကိုဖြစ်စေသည် မဖြစ်စေသည် ဝေဖန်စိစစ်ရမည်။ ❖

**အကြင်စကားသည် သတ္တဝါတို့ကို မပူပန်စေရာ၊ သူတစ်ပါးတို့ကိုလည်း မထိပါးစေရာ ထိုစကားကိုသာလျှင် ပြောအပ်ပေသည်။**

"ပညာရှိများသည် မိမိ၊ သူတစ်ပါး နှစ်ပါးစုံ အကျိုးစီးပွားရှိသောစကား၊ အကြောင်းအကျိုးနှင့်စပ်၍ တရားသဘောမှန်ကန်သောစကားနှင့် သူတစ်ပါးတို့ကိုလည်း နှစ်သက်ဝမ်းမြောက်စေသောစကားများကို ပြောကြသည်"ဟု မြတ်ဗုဒ္ဓကဟောကြားသည်။ မိမိတို့လည်း ပညာရှိများပြောသောစကားမျိုးများ ပြောကြခြင်းဖြင့် လွန်စွာအကျိုးရှိမည်ဖြစ်သည်။

"ပညာရှိသည် သူတစ်ပါးပြုခဲ့ဖူးသော ဂုဏ်ကျေးဇူးကို အတုံ့အလှည့်ပြုတတ်၏။ သိလည်းသိတတ်၊ ပြောလည်းပြောတတ်၏"ဟု ဗုဒ္ဓကဟောခဲ့သည်။ မိမိတို့လည်း ထိုပညာရှိတို့ကဲ့သို့ပြုကျင့်ပါက ကျေးဇူးများစွာဖြစ်ထွန်းမည်။

အကြင်လင်မယားဘဝတွင် လင်ဖြစ်သူသည် မိမိ၏ ကျင့်ဝတ်ဖြစ်သော "မြတ်နိုးကြင်"ဟူသော ဝတ္တရားလိုက်နာသောအားဖြင့် ဇနီးကို ကြင်နာသည့် အရိပ်အယောင်၊ အပြောအဆို၊ အပြုအမူဖြင့် ဆက်ဆံရမည်။ ဇနီးနှစ်သက်သော အမည် သို့မဟုတ် သူနာမည်မှ စကားတစ်လုံးဖြစ်သော ကြည်ကြည်၊ လှလှ စသည့် ချိုသာစွာခေါ်ဝေါ်ရမည်။

**မပြောအပ်သောစကားအင်္ဂါ**

အချို့လူတို့သည် စကားပြော မကောင်းကြပါ။ ထိုအခါ အပြောမတတ် အပတ်မပြေဖြစ်ရသည်။ စကားပြောဖော်ဘဝင်မကျဖြစ်ရသည်။ အချို့ဆိုလျှင် ပြောသူအပေါ် အမုန်းတရားပင်ပွားသွားကြသည်။ "ဒီလူက စကားမပြောတတ်သူ"ဟု မှတ်ချက်ပြုကြသည်။ မပြောအပ်သောစကားများပြောမိပါက ဒုက္ခကြီးစွာရောက်ရသည်လည်းရှိသည်။ ထို့ကြောင့် မပြောအပ်သောစကား မပြောမိစေရန် ဆင်ခြင်ရမည်။ မပြောအပ်သော

ဟဲ့ ဝက်မ"ဟု မခေါ်အပ်ပေ။ အကြီးအကဲက ဝန်ထမ်းငယ်များကို "မင်းတို့ဝန်ထမ်းတွေ၊ မင်းတို့တစ်တွေ"ဟု မခေါ်အပ်သကဲ့သို့ အလုပ်ရှင်က အလုပ်သမားကို ကျွန်ဟု မပြောဆိုအပ်ပေ။

"တစ်စုံတစ်ယောက်သောသူကို ချုပ်ချယ်သော စကားမဆိုရပါ။ ချုပ်ချယ်သော စကားသည် ဆင်းရဲခြင်း၏အကြောင်းဖြစ်သည်။ အတုံ့အလှည့်ဖြစ်သော ဒဏ်တို့သည် သင့်အားရောက်ကုန်ရာသည်"ဟု ဗုဒ္ဓက ဟောကြားခဲ့သည်။

မနှစ်သက်ဖွယ် မုန်းလွယ်သောစကားကို တစ်ရံတစ်ဆစ်မျှ မဆိုအပ်ပေ။ ဤစကားမျိုးတွင် နှစ်ဦးသားတို့ ကြည်နူးအချစ် ကွဲပြားဖြစ်ဖို့ ချောပစ်ကုန်းတိုက် အမုန်းဆိုက်အောင် ရန်တိုက်ပေးသောစကားမျိုးများပါဝင်ပေသည်။ လုံးဝမပြောအပ်ပေ။

ကသောက်ကရောက် အဖိုးမတန်သော စကားမျိုးများလည်း မပြောဆိုအပ်၊ မပြောဆိုရပေ။ အချို့လူတို့သည် တစ်နေရာတွင် စုဝေးပြီးရောက်တတ်ရာရာ စကားမျိုးများကို ပြောလေ့ရှိကြသည်။ ထိုစကားဝိုင်းတွင် ခေါင်းစဉ်လည်းမရှိပေ။ ဟိုရောက်ဒီရောက်စကားများ၊ အတင်းအဖျင်းစကားများ နှစ်ဆန်ကွာကင်း စပါးဖျင်းလား စကားများသာဖြစ်ကြသည်။ အကျိုးကား အချိန်ကုန်ဆုံးခြင်း၊ အထင်အမြင်လွဲစေခြင်း၊ အမုန်းပွားအထင်အမြင်မှားခြင်း စသည့်အကျိုးယုတ်မှုများသာဖြစ်ရပေတော့သည်။ ထိုကဲ့သို့ အကျိုးတစ်စုံတစ်ရာမရှိသောစကားများကိုလည်း မပြောအပ်ပေ။ စကားများများပြောပြီး အချိန်မဖြုန်းအပ်ပေ။

**ဆွေးနွေး၊ ဆုံးမသည်ကို လိုက်နာဆောင်ရွက်ရသည့် စကားအင်္ဂါ**

ဤစကားအင်္ဂါမှာ မိမိက ဆွေးနွေးခြင်း၊ ဆုံးမသည်ကို နာယူခြင်းနှင့် တရားဒေသနာများကို ရွတ်ဆို၊ ပူဇော်ကန်တော့ခြင်းတို့နှင့် သက်ဆိုင်ပေသည်။

ဆောင်ရွက်ရမည့် နည်းလမ်းအသွယ်သွယ်များကို ရေးသားဖော်ပြလိုက်ပါသည်။

ဆရာကောင်း၊ ဆရာမြတ်တို့ထံ နည်းခံပြီး ဆရာကောင်း၊ ဆရာမြတ်တို့ ဆိုဆုံးမသြဝါဒတို့ကို နာခံမှတ်သားလေ့ရှိရမည်။ အမှုကိစ္စဟူသမျှတို့၌ အကျိုးရှိသည် မရှိသည်၊ အကြောင်းဟုတ်သည် မဟုတ်သည်ကို ဆင်ခြင်စဉ်းစား၏။ အသိဉာဏ်ဗဟုသုတများသူနှင့် ဆွေးနွေးတိုင်ပင်ခြင်းပြုရမည်။ ထိုအခါ ပညာဉာဏ်တိုးပွားပြီး လောကီလောကုတ္တရာအကျိုးစီးပွားတိုးပွားရပေတော့သည်။ တစ်ဖက်လူပြောစကားကို ကောင်းစွာနားထောင်ရမည်။ ရှေ့စကား၊ နောက်စကား ညီ မညီ၊ တရားဥပဒေနှင့် ကိုက် မကိုက်၊ ဟုတ်မှန်သည် မှားယွင်းနေသည်၊ ညီညွတ်မှုကို ဖြစ်စေသည် မဖြစ်စေသည် ဝေဖန်စိစစ်ရမည်။ ရှေ့စကား၊ နောက်စကား မညီသူဖြစ်ပါက ထိုသူနှင့် ဝေးစွာရှောင်ရမည်။ မဟုတ်မမှန် မုသားစကားပြောသူဖြစ်သည်ဟု သုံးသပ်မိပါက ထိုသူနှင့် အကျွမ်းတဝင်မဆက်ဆံဘဲ ဝေးစွာရှောင်ဖယ်နေရမည်။ သို့ဖြင့် မိမိဒုက္ခဘေးကင်းစေမည်။

သဒ္ဓါ၊ သီလ၊ ဗဟုသုတ ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်မြတ်တို့၏တရားစကားကို ရိုသေစွာနာခံမှတ်သားခြင်းပြုရမည်။ ထိုသို့ နာခံမှတ်သားသူသည် ကြီးပွားတိုးတက်မည့်သူဖြစ်သည်။

မိမိခံတွင်းကို အကျိုးရှိစွာအသုံးချသည့်အနေဖြင့် နေ့စဉ်မိမိအဆင်ပြေသည့်အချိန်တွင် ငါးပါးသီလခံယူဆောက်တည်ခြင်းပြုရမည်။ တရားဘာဝနာပွားရမည်။ အန္တရာယ်ကင်းပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ သို့ဖြင့် လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးများ ခံစားရမည်။

အထက်ဖော်ပြပါ စကားအင်္ဂါ သုံးရပ်အနက် ချိုသာယဉ်ကျေးစွာဆက်ဆံသဖြင့် အကျိုးတရားပွားများရသည်ကို ဖော်ပြမည်။

မြန်မာရာဇဝင်ပုဂံမင်းဆက်တွင် ထီးလိုမင်းလိုမင်းသည် နောင်တော်ကြီးလေးပါးကို ချိုသာယဉ်ကျေးစွာ ဆက်ဆံသည်။ ရိုသေလေးစားစွာ ဂါရဝပြုသည်။ ထို့ကြောင့် နောင်တော်ကြီးများက မင်းအဖြစ်တင်မြှောက်ရန် သဘောတူခဲ့ကြသည်။ ယဉ်ကျေးသိမ်မွေ့ခြင်းကဤမျှအကျိုးပြုပေသည်။

ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သော ရိုင်းစိုင်းမှု၏ အန္တရာယ်ကလည်း ကြီးမားလွန်းလှသည်။ ရှေးဘာရာဏသီပြည် ဗြဟ္မဒတ်မင်း၏သား ဒုဋ္ဌကုမာရမင်းသားသည် အမတ်ကြီးများနှင့် မင်းချင်းအပေါင်းတို့ကို နှုတ်အာကြမ်းတမ်းဆဲရေးကြိမ်းမောင်းပြီး အမြဲဆက်ဆံသဖြင့် ဂင်္ဂါမြစ်တွင် မင်းသားရေချိုးချိန်၌ မုန်တိုင်းကြားမြစ်ရေယဉ်မှာ မျှောလိုက်ကြသည်။ ခမည်းတော်မင်းကြီးကို သားတော်မုန်တိုင်းအတွင်း ရေလှိုင်းတွင် မျောပါသွားကြောင်း တစ်ညီတည်း လျှောက်တင်ခဲ့ကြသည်။ စကားအရာရိုင်းစိုင်းခြင်းသည် ဤမျှဆိုးကျိုးပေးသည်။

ယနေ့ခေတ်ကာလတွင်လည်း ယဉ်ကျေးဖော်ရွေစွာ ဆက်ဆံသည့်ကုန်သည်၊ ဈေးသည်များ ရောင်းအားတက်ပြီး ချမ်းသာသွားကြသည်။ နှုတ်ကြမ်းစွာဆက်ဆံသောကုန်သည်များ ရောင်းအားကျဆိုင်ပိတ်ရသည်ထိ စီးပွားပျက်ကြသည်ကို တွေ့ရပေသည်။

စကားအရာသုံးအင်္ဂါ၏ လိုက်နာဖွယ်ရာများ၊ ရှောင်ကြဉ်ဖွယ်ရာများကို လေ့လာပြီးဖြစ်သည်။ ကောင်းကျိုးတရားများ ခံစားကြရစေခြင်းငှာ လိုက်နာအပ်သည်များကို လိုက်နာကြပါကုန်၊ ဆင်ခြင်ရှောင်ကြဉ်ဖွယ်ရာများကို သတိတရားလက်ကိုင်ထားပြီး ရှောင်ရှားကြပါကုန်ဟု စေတနာအနန္တဖြင့် တိုက်တွန်းအပ်ပေသည်။ ကြီးပွားချမ်းသာကြပါစေ။

**ကိုးကား**

- **မြတ်ဗုဒ္ဓ၏ကြီးပွားရေးလမ်းညွှန်ချက်များ ဦးမောင်မောင်(ဟံသာဝတီ)**
- **မင်္ဂလာနိဒါန်း မောင်အုံ(မဟာဝိဇ္ဇာ-ဘုံဘေ)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၁၅၂၇၉ ဧကနှင့် အစေ့ထုတ်ပြောင်း ၂၃၁၅ ဧကစိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၁၅၂၇၉ ဧကနှင့် အစေ့ထုတ်ပြောင်း ၂၃၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပူးစားပြောင်း ၁၉၂၉၆ ဧကနှင့် အစေ့ထုတ်ပြောင်းဧက ၃၅၇၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပူးစားပြောင်း ၁၅၂၇၉ ဧကနှင့်အစေ့ထုတ်ပြောင်း ၂၃၁၅ ဧက စုစုပေါင်း ၁၇၅၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း ပူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း စုစုပေါင်းဧက ၂၀၀၀၀ ကျော် စိုက်နိုင်ခဲ့ပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာလဲ စစ်ကိုင်းမြို့နယ်အတွင်း ပူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း စုစုပေါင်းဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ပူးစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း စုစုပေါင်း ၁၇၅၉၄ ဧကစိုက်ပျိုးပြီးပါပြီ။ တစ်နှစ်ထက်တစ်နှစ် ပြောင်းသီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေပါတယ်။ ဈေးကွက်အနေနဲ့ အသင့်တင့်ရှိတာကြောင့် တောင်သူတွေအတွက် တွက်ခြေကိုက်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေကို ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပူးစားပြောင်း ၂၄၂၇၇ ဧကနှင့်အစေ့ထုတ်ပြောင်း ဧက ၃၅၇၀ စုစုပေါင်း ၂၇၈၀၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စစ်ကိုင်းမြို့နယ်တွင် ပြောင်းသီးနှံစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ငမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



ယခုနှစ် ပူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

# ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်တောင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံ ဦးကျော်ဇင်အောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ချင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ချင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းပံ့ပိုးရန်ပံ့ငွေကျပ် သိန်း ၂၀၀ ဖြင့် နေကြာအပါအဝင်အခြားဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူ ၉၆ ဦး၏စိုက်ပျိုးဧက ၉၈ ဧကဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# လေးစားကြည်ညို မြတ်စာဆို

\- အသိလိမ္မာ စာပေမှာရှိ
ဖတ်သိကြရာ စေတနာနှင့်
ပညာပေးဝေ ကျိုးရှိစေသည့်
စာပေရေးသား ဆရာများ
ကြည်ညိုလေးစား ထိုက်ပေသား။

\- ခေတ်အဆက်ဆက် ကလောင်လက်ဖြင့်
ထမ်းရွက်သယ်ပိုး ပြည်အကျိုးကို
တိုးပွားစေရေး လမ်းညွှန်ပေးသည့်
အရေးအသား စာပေများ
လေးစားမှတ်သား ထိုက်ပေသား။

\- ထူးခြားစွမ်းအောင် သည်ကလောင်ဖြင့်
ကျိုးဆောင်ရေးသား စာဆိုများကို
လေးထားဂရု တုံ့ပြန်ပြုကာ
ဆုနှင်းပေးအပ် ဂုဏ်ပြုလတ်သည့်
မြတ်သောဓလေ့ စဉ်မမေ့
နတ်တော်တစ်ရက် စာဆိုနေ့။

\- ယခုချိန်ခါ စာဆိုတော်နေ့
မမေ့ရုံမျှ ဘယ်မကဘဲ
ကြီးလှဂုဏ်ထို မြတ်စာဆိုနှင့်
သက်အိုသမား ဆရာများကို
လေးစားဆင့်ကဲ ဆင်ယင်နွှဲ
သက်ကြီးစာဆို ပူဇော်ပွဲ။

\- သြော် . . .
နတ်တော်ချိန်ပိုင်း ရောက်လာတိုင်းသာ
ရင်လှိုင်းခတ်မျှ ကြည်နူးရသည့်
မြန်မာ့စာဆို ပွဲတော်ကိုလျှင်
ကြိုဆိုမပျက် ရှိခိုးလက်ဖြင့်
သက်ကြီးစာဆို ဂုဏ်ထိုထိုအား
ကြည်ညိုကန်တော့လိုက်ပါသည်။ ။

**ညွန့်ဝင်း(နတ်တလင်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# သမ္မတ ဘော်လ်ဆိုနာရို ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ဥပဒေကြောင်းအရ စိန်ခေါ်

**ဘရာဇီးလီးယား နိုဝင်ဘာ ၂၃**

လက်ရှိ ဘရာဇီးသမ္မတ ဘော်လ်ဆိုနာရိုသည် သမ္မတရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ဥပဒေကြောင်းအရ စိန်ခေါ်ထားကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

ဘရာဇီးရွေးကောက်ပွဲကော်မရှင် ထံတင်သွင်းထားသည့် လျှောက်လဲချက်တစ်ရပ်တွင် အချို့အီလက်ထရောနစ်မဲပေးစက်များမှ မဲများကို ပယ်ဖျက်သင့်ကြောင်း အရေးဆိုထားသည်။

သမ္မတ ဘော်လ်ဆိုနာရိုသည် ပြီးခဲ့သည့် နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သော ဘရာဇီးသမ္မတရွေးကောက်ပွဲ ဒုတိယအကျော့၌ ပြိုင်ဘက်လက်ဝဲဝါဒီသမ္မတလောင်း လူလာဒါဆေးလ်ဗားကို ရှုံးနိမ့်ခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲကာလအတွင်း အီလက်ထရောနစ် မဲပေးစက်အချို့၌ မှုမမှန်သည့်လက္ခဏာများ တွေ့ထားကြောင်း သမ္မတ ဘော်လ်ဆိုနာရို၏အုပ်စုဝင်များက ပြောကြားထားသည်။

သို့သော် သမ္မတရွေးကောက်ပွဲ ရလဒ်နှင့်ပတ်သက်၍ သမ္မတ ဘော်လ်ဆိုနာရို၏ ကန့်ကွက်မှုကြောင့် ရွေးကောက်ပွဲနောက်ဆုံးရလဒ် ပြောင်းသွားနိုင်ခြေမရှိဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက် သမ္မတရွေးကောက်ပွဲဒုတိယအကျော့ရလဒ်ကို ဘရာဇီးရွေးကောက်ပွဲဆိုင်ရာ အထက်တရားရုံးက အတည်ပြုပေးခဲ့ပြီးဖြစ်သလို ဘရာဇီး၏ နိုင်ငံတကာမဟာမိတ်များကလည်း လူလာဒါဆေးလ်ဗားကို အနိုင်ရသမ္မတလောင်းအဖြစ်သတ်မှတ်ထားပြီးဖြစ်ကြောင်း သိရသည်။ KKO

# တောင်အာဖရိကသမ္မတ ရာမာဖိုဆာကို ဗြိတိန်ဘုရင်ချားလ်-၃ ကြိုဆိုနှုတ်ဆက်

**လန်ဒန် နိုဝင်ဘာ ၂၃**

ဗြိတိန်ဘုရင် ချားလ်-၃သည် ၎င်းတို့နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ရောက်ရှိလာသော တောင်အာဖရိကသမ္မတ ဆိုင်ရီးလ်ရာမာဖိုဆာကို နိုဝင်ဘာ ၂၂ ရက်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်အာဖရိကသမ္မတ ရာမာဖိုဆာသည် ဗြိတိန်ထီးနန်းကို ချားလ်ဘုရင်-၃ ရယူခဲ့ပြီးနောက်ပိုင်း ၎င်းတို့နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်ရောက်ရှိလာသော ပထမဆုံးပြည်ပခေါင်းဆောင်ဖြစ်သည်။

တောင်အာဖရိက သမ္မတ၏ ဗြိတိန်ခရီးစဉ်ကို ချားလ်ဘုရင်-၃၏ မိခင် အဲလစ်ဇဘတ်-၂ ဘုရင်မ နတ်ရွာမစံမီကပင် စီစဉ်ထားပြီးဖြစ်သော ခရီးစဉ်ဖြစ်သည်။

ချားလ်ဘုရင်-၃ နှင့် ကြင်ယာတော်မိဖုရား ကာမီလ်လာတို့သည် တောင်အာဖရိကသမ္မတ ရာမာဖိုဆာကို ဘက်ကင်ဟမ်နန်းတော်အနီး၌ မြင်းစီးဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

တောင်အာဖရိကသမ္မတ ရာမာဖိုဆာသည် ဗြိတိန်ခရီးစဉ်အတွင်း ဗြိတိန် ပါလီမန်လွှတ်တော်နှစ်ရပ်ပူးတွဲဆွေးနွေးပွဲတစ်ပွဲ၌ မိန့်ခွန်းပြောကြားခဲ့သည်။

ဗြိတိန်သို့နောက်ဆုံးလာရောက်ခဲ့သောတောင်အာဖရိကခေါင်းဆောင်မှာ ကွယ်လွန်သူသမ္မတ နယ်လ်ဆင်မင်ဒဲလားဖြစ်ပြီး တောင်အာဖရိက၏ ပထမဆုံးလူမည်းသမ္မတဖြစ်လာခဲ့ပြီး နှစ်နှစ်အကြာ ၁၉၉၆ ခုနှစ်တွင် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO



# ရုရှားသမ္မတ ပူတင်နှင့် ကျူးဘားသမ္မတ မီဂွဲလ်ဒီအက်ဇ်ကာနယ်တို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး



**မော်စကို နိုဝင်ဘာ ၂၃**

ရုရှားသမ္မတပူတင်နှင့် ကျူးဘားသမ္မတ မီဂွဲလ်ဒီအက်ဇ်ကာနယ်တို့သည် နိုဝင်ဘာ ၂၂ ရက်တွင် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ကျူးဘားသမ္မတ မီဂွဲလ်ဒီအက်ဇ်ကာနယ်သည် နိုဝင်ဘာ ၁၉ ရက်ကပင် မော်စကိုမြို့သို့ရောက်ရှိခဲ့ပြီး ရုရှား ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၂၂ ရက် ဆွေးနွေးပွဲအပြီးတွင်ရုရှားသမ္မတနှင့် ကျူးဘားသမ္မတတို့သည် ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်လ်ကတ်စထရိုရုပ်တုဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

ကတ်စထရိုရုပ်တု ဖွင့်ပွဲတွင် ရုရှားသမ္မတ ပူတင်နှင့် ကျူးဘားသမ္မတ မီဂွဲလ်ဒီအက်ဇ်ကာနယ်တို့ နှစ်ဦးစလုံးက မိန့်ခွန်းများပြောခဲ့ကြသည်။

ကတ်စထရိုအထိမ်းအမှတ်ရုပ်တုဖွင့်ပွဲမိန့်ခွန်းတွင် ရုရှားသမ္မတပူတင်သည် အမေရိကန်နိုင်ငံအား နှစ်ပေါင်းများစွာ အန်တုခဲ့သည့် ကွယ်လွန်သူကျူးဘားခေါင်းဆောင် ကတ်စထရိုကို နိုင်ငံ၏အချုပ်အခြာပိုင်စိုးမှုကို ကာကွယ်ပေးခဲ့သူအဖြစ် ဂုဏ်ပြုခဲ့သည်။

ထို့ပြင် ဆိုဗီယက်ပြည်ထောင်စု၊ ရုရှားနိုင်ငံတို့ကလည်း ကျူးဘားပြည်သူများ၏လွတ်လပ်ရေးလှုပ်ရှားမှုကို ယနေ့ထိ ဆက်လက်ထောက်ခံအားပေးခဲ့သည်ဟု သမ္မတ ပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# တရုတ်နိုင်ငံတည်ဆောက်ပေးထားသည့် လွှတ်တော်သစ် ဇင်ဘာဘွေ စတင်ဖွင့်လှစ်

**ဟာရာရီ နိုဝင်ဘာ ၂၃**



တရုတ်နိုင်ငံကဇင်ဘာဘွေအတွက် လက်ဆောင်အဖြစ် တည်ဆောက်ပေးခဲ့သော လွှတ်တော်အဆောက်အအုံသစ်ကို ဇင်ဘာဘွေနိုင်ငံက ယနေ့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဇင်ဘာဘွေသမ္မတ အမ်မာဆန် အမ်နန်ဂါဂွါသည် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ထားသည့် လွှတ်တော်သစ်၌ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတော်အခြေပြမိန့်ခွန်းကို ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့်ဇင်ဘာဘွေနိုင်ငံတို့ကြားဆက်ဆံရေးကို အကောင်းဆုံးဆက်ဆံရေးပုံစံအဖြစ်လွှတ်တော်အဆောက်အအုံသစ်၌ ပြောကြားခဲ့သောမိန့်ခွန်းတွင် ဇင်ဘာဘွေသမ္မတက ဂုဏ်ပြုခဲ့သည်။

အထပ်ခြောက်ထပ် ပါရှိသည့် လွှတ်တော် အဆောက်အအုံသစ်သည်ဟာရာရီမြို့၏အနောက်ဘက် ၁၁ မိုင်ခန့်အကွာ မောင့်ဟမ့်ဒန်းတောင်ကုန်းပေါ်၌ တည်ရှိသည်။

အမေရိကန်ဒေါ်လာသန်း ၂၀၀ အကုန်အကျခံ တည်ဆောက်ထားသောအဆိုပါလွှတ်တော်အဆောက်အအုံသစ်သည် အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့်ဇင်ဘာဘွေနိုင်ငံအပေါ် တရုတ်နိုင်ငံဩဇာ သက်ရောက်မှု အားကောင်းလာသည့်သဘောကို ပြသလျက်ရှိသည်။

ဇင်ဘာဘွေနိုင်ငံသည် ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ယခင်လွှတ်တော်နေရာဖြစ်သည့်ဟာရာရီမြို့လယ်ရှိ ကိုလိုနီခေတ်လက်ရာလွှတ်တော် အဆောက်အအုံမှ တရုတ်နိုင်ငံ တည်ဆောက်ပေးခဲ့သောလွှတ်တော်သစ်ဆီသို့ နေရာပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ KKO

# အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ၌ ပါဝင်မှုဖြင့် နိုင်ငံခြားသားဦးရေ ၄၀ ဖမ်းဆီးထားကြောင်း အီရန်ပြောကြား

**တီဟီရန် နိုဝင်ဘာ ၂၃**

အီရန်နိုင်ငံ၌ ဖြစ်ပွားနေသည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအတွင်း ပါဝင်ခဲ့မှုဖြင့် အီရန်အစိုးရက နိုင်ငံခြားသားဦးရေ ၄၀ ကို ဖမ်းဆီးထားကြောင်း ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအတွင်းပါဝင်မှုဖြင့် အီရန်အစိုးရကဖမ်းဆီးထားသော ပြည်ပနိုင်ငံခြားသားအရေအတွက်မှာဦးရေ ၄၀ ထိရှိကြောင်း အီရန်တရားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက နိုင်ငံပိုင်မီဒီယာများကို နိုဝင်ဘာ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် အီရန်အစိုးရကဖမ်းဆီးထားသည့် နိုင်ငံခြားသားများကို မည်သည့်နိုင်ငံသားများဖြစ်ကြောင်း ထုတ်ဖော်ပြောကြားရန် အီရန်တရားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ငြင်းပယ်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်အတွင်းအသက် ၂၂နှစ်အရွယ် ကာ့ဒ်လူမျိုးအမျိုးသမီးငယ်တစ်ဦးသေဆုံးခဲ့ပြီးနောက် စတင်ခဲ့သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများသည် ယခုအခါ ရက်သတ္တကိုးပတ်တာ ကာလအတွင်းသို့ ဝင်ရောက်လာခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါဆန္ဒပြပွဲများသည် အီရန်ခေါင်းဆောင်များအတွက် ၁၉၇၉ ခုနှစ် အစ္စလာမ်မစ်တော်လှန်ရေးနောက်ပိုင်း အကြီးမားဆုံးနိုင်ငံရေးစိန်ခေါ်မှုများထဲ၌ ပါဝင်သည်။

သို့သော် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများကို အီရန်၏ရန်သူနိုင်ငံများက အားပေးအားမြှောက်ပြုနေသည်ဟု အီရန်ဘာသာရေး ခေါင်းဆောင် အယာတိုလာအလီခါမေနီက စွပ်စွဲထားသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## တရုတ်နိုင်ငံက Type-094 ရေငုပ်သင်္ဘောခြောက်စင်းပေါ်တွင် JL-3 ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်ထား



တရုတ်နိုင်ငံသည် ၎င်း၏ Jin-Class (Type 094)ရေငုပ်သင်္ဘောခြောက်စင်းပေါ် တွင် JL-3 တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် များတပ်ဆင်ထားကြောင်း နိုဝင်ဘာ ၂၁ ရက်ထုတ် Global Times မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံသည် ၎င်း၏ Jin-Class (Type 094)ရေငုပ်သင်္ဘောများပေါ် တွင် JL-3 တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ တပ်ဆင်ထားကြောင်း အမေရိကန်က ပထမဆုံးအကြိမ် အသိအမှတ်ပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါတိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များသည် တရုတ်နိုင်ငံကမ်းရိုးတန်းနှင့် ပိုမိုနီးကပ်သောအနေအထားမှ အမေရိကန်ထိ တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ယခင် SLBM JL-2 အမျိုးအစားသည် အကွာအဝေး ကီလိုမီတာ ၇၂၀၀ ခန့် တိုက်ပွဲဝင်ကာ JL-3 ပဲ့ထိန်းဒုံးကျည်အသစ်သည် အကွာအဝေး ကီလိုမီတာ ၁၀၀၀၀ ကျော်ထိ စစ်ဆင်နိုင်စွမ်းရှိနိုင်ကြောင်း အခြားသတင်းရင်းမြစ်များကိုကိုးကား၍ အစီရင်ခံစာက ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် JL-3 တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် တပ်တော်ဝင်အသုံးပြုနိုင်ခဲ့မှုအပေါ် ကြေညာထားခြင်းမျိုးမရှိပေ။ JL-3 တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်ကို ၂၀၁၉ ခုနှစ် ဇွန်လတွင်စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟု စွပ်စွဲခံထားရပြီး တရုတ်အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Ren Guoqiang က စီစဉ်ထားသော စမ်းသပ်မှုသည် ပုံမှန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Jin-Class(Type 094) သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊ ရေတပ်ရေငုပ်သင်္ဘောတပ်ဖွဲ့အတွက် ထုတ်လုပ်သည့် ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောအမျိုးအစားဖြစ်သည်။ Type 094 သည် Type 092 ရေငုပ်သင်္ဘောကိုအဆင့်မြှင့်တင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် Type 096 ရေငုပ်သင်္ဘောကို ဆက်လက်တည်ဆောက်ထုတ်လုပ်နေဆဲဖြစ်ကြောင်း သိရသည်။

ရေငုပ်သင်္ဘောများသည် အရှည် ၁၃၅ မီတာ (၄၄၂ ပေ ၁၁ လက်မ)၊ အကျယ် ၁၂ ဒသမ ၅ မီတာ (၄၁ ပေ) နှင့် ရေအောက်နစ်မြုပ်မှုတန်ချိန် ၁၁၀၀၀ ရှိသည်။ ၎င်းတို့သည် အမြင့်ဆုံးအမြန်နှုန်း 20 knots (ရေမျက်နှာပြင်အပေါ်)နှင့် 26 knots (ရေမျက်နှာပြင်အောက်) တို့ဖြင့် ခုတ်မောင်းနိုင်သည်။

**China deploys JL-3 ballistic missiles on its Type 094 submarines ကို ဘာသာပြန်ဆိုထားပါသည်။**

## Zaporozhye NPP တွင် နျူကလီးယားဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိကြောင်း Rosatom ၏ အမှုဆောင်အရာရှိချုပ်ပြောကြား

Zaporozhye NPP နျူကလီးယားဓာတ်အားပေးစက်ရုံတွင် နျူကလီးယားဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိကြောင်း Rosatom အမှုဆောင်အရာရှိချုပ် Alexey Likhachev က သတင်းထောက်များကို ပြောကြားခဲ့သည်။

"စက်ရုံဟာ နျူကလီးယားဘေးအန္တရာယ်ဖြစ်နိုင်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းကို အသိပေးထားပြီး အသေးအမွှား နျူကလီးယားဖြစ်ရပ်မျိုးကို လက်ခံနိုင်လိမ့်မယ်လို့ ကိယက်ဗ်က ရှင်းရှင်းလင်းလင်းယုံကြည်နေပါတယ်။ ဒါပေမဲ့ ဓာတ်ရောင်ခြည်သင့်မှုက ကိယက်ဗ်ကိုဘယ်လိုအဖြစ်အပျက်မျိုးတွေဖြစ်စေချင်လဲဆိုတာတော့မေးမှာမဟုတ်ပါဘူး။ သမိုင်းကြောင်းကို ထာဝရပြောင်းလဲစေမဲ့ စံနမူနာပြကြီးဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံတွေရဲ့ လုံခြုံရေးကို ဘယ်သူကမှ ထိခိုက်အောင်မလုပ်နိုင်စေဖို့ ဖြစ်နိုင်သမျှအရာအားလုံးကို ကာကွယ်လုပ်ဆောင်သွားရပါလိမ့်မယ်"ဟု Alexey Likhachev က ထောက်ပြခဲ့သည်။

နှစ်လကြာ ရပ်နားပြီးနောက်တွင် ယူကရိန်းစစ်ဘက်သည် Zaporozhye နျူကလီးယားဓာတ်အားပေးစက်ရုံကို ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မကြာသေးမီက သတင်းထုတ်ပြန်ခဲ့သည်။ ဝန်ကြီးဌာန၏အဆိုအရ ယူကရိန်းတပ်ဖွဲ့များသည် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်ထိ ဒုံးကျည်၊ အမြောက်၂၅ လုံး ပစ်လွှတ်တိုက်ခိုက်ခဲ့ရာ နျူကလီးယားလောင်စာများ သိုလှောင်ထားသည့် အထူးအဆောက်အအုံ အမှတ်-၂ ခေါင်မိုးကို ထိမှန်ခဲ့သည်။

တန်ပြန်ပစ်ခတ်မှုများဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံတစ်ဝိုက်တွင် ဓာတ်ရောင်ခြည်သင့်မှုအဆင့်သည် ပုံမှန်ရှိနေဆဲဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

Zaporozhye NPP သည် ဥရောပတွင် လည်ပတ်လုပ်ဆောင်နေသော အကြီးမားဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်သည်။ ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေး ပထမနေ့ရက်များအတွင်း ဖေဖော်ဝါရီ ၂၈ ရက်က စက်ရုံကိုထိန်းချုပ်ခဲ့ပြီး နျူကလီးယားဓာတ်အားပေးစက်ရုံကို ပုံမှန်အတိုင်း ဆက်လက်လည်ပတ်ခဲ့သည်။ IAEA ညွှန်ကြားရေးမှူးချုပ် Rafael Grossi ဦးဆောင်သော နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA) မစ်ရှင်သည် စက်တင်ဘာလအစောပိုင်းတွင် Zaporozhye နျူကလီးယားစက်ရုံသို့သွားရောက်လေ့လာခဲ့ပြီး IAEA ဝန်ထမ်းအများအပြားသည် လေ့လာသူများအဖြစ် အဆိုပါနေရာ၌ ကျန်ရှိနေခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါအေဂျင်စီက စက်ရုံအနီးတစ်ဝိုက်၌ လုံခြုံရေးဇုန်တစ်ခုဖန်တီးရန် တောင်းဆိုထားသည့်အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး စစ်ရေးလှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် မတော်တဆဘေးအန္တရာယ်များကို တားဆီးကာကွယ်နိုင်ရန် အတွက်လည်းဖြစ်သည်။

**Rosatom CEO warns of nuclear disaster risk at Zaporozhye nuclear power plant ကို ဘာသာပြန်ဆိုထားပါသည်။**



## တရုတ်(တိုင်ပေ)က Radar-Killing Suicide Drones ၁၀၄ စင်း ထုတ်လုပ်ရန် NCSIST နှင့်စာချုပ်ချုပ်ဆို

တရုတ်(တိုင်ပေ)စစ်ဘက်သည် ၂၀၂၅ ခုနှစ်တွင် Radar-Killing Suicide Drones မောင်းသူမဲ့ဒရုန်း ၁၀၄ စင်းထုတ်လုပ်ရန် နိုင်ငံပိုင် National Chung-Shan Institute of Science and Technology (NCSIST) လက်နက်ထုတ်လုပ်ရေးကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း NCSIST မှ ပြောကြားချက်ကို ကိုးကား၍ Focus Taiwan က ရေးသားဖော်ပြခဲ့သည်။

ဒရုန်း၏ ထုတ်လုပ်မှုနှင့် လွှဲပြောင်းပို့ဆောင်ပေးမှုသည် အချိန်ဇယားအတိုင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း NCSIST မှ တာဝန်ရှိသူ Chi Li-Ping က အသေးစိတ်အချက်အလက်အပြည့်အစုံကို မဖော်ပြဘဲ ပြောကြားခဲ့သည်။



NCSIST သည် ၂၀၁၇ ခုနှစ်က Chien Hsiang ရေဒါလိုက်စီး ဒရုန်းကို ပထမဆုံးထုတ်ဖော်ပြသခဲ့ပြီး(Israel Aerospace Industries) အစ္စရေးနိုင်ငံ လေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းစုထုတ် Harpy Loitering Munition နှင့် နှိုင်းယှဉ်ပြောကြားခဲ့သည်။

နှစ်နှစ်အကြာတွင် တရုတ်(တိုင်ပေ) လေတပ်၏ လေကြောင်းရန်ကာကွယ်ရေးနှင့် ဒုံးကျည်ကွပ်ကဲရေး ဌာနချုပ်သည် ဒရုန်းထုတ်လုပ်မှုတွင် ငါးနှစ်တာကာလအတွင်း ထိုင်ဝမ်ဒေါ်လာ ဘီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၇ ဘီလီယံ) ရင်းနှီးမြှုပ်နှံရန်အစီအစဉ်များကို အတည်ပြုခဲ့သည်။

ထရပ်ကားဖြင့် သယ်ဆောင်ပစ်လွှတ်နိုင်လိုက်သောဒရုန်းကို ကြည်း၊ ရေ၊ လေ သုံး ရေဒါများနှင့် လျှပ်စစ်သံလိုက်လှိုင်းထုတ်လွှင့်သည့်စနစ်များကို သိရှိ၊ ရှာဖွေ၊ ဖော်ထုတ်၊ တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

ဒရုန်းသည် လေထဲတွင် ငါးနာရီကြာ ပျံသန်းနိုင်ပြီး အကွာအဝေး ကီလိုမီတာ ၁၀၀၀ သည် ပင်လယ်ကမ်းရိုးတန်းသို့မဟုတ် ကုန်းတွင်းပိုင်းရှိ တရုတ်ရေဒါစနစ်များကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည်ဟု NCSIST က Chi Li-Ping ၏ ပြောကြားချက်ကိုကိုးကား၍ Focus Taiwan က ရေးသားဖော်ပြခဲ့သည်။

ဒရုန်းသည် အလေးချိန် ၆ ကီလိုဂရမ်ရှိပြီး အရှည် ၁ ဒသမ ၂ မီတာနှင့် အနံ နှစ်မီတာရှိသည်။ ၎င်းသည် Electro-Optical/Infrared Payload ဖြင့် ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်ပြီး တန်ပြန်ထောက်လှမ်းခြင်းစနစ်မှတစ်ဆင့် Payload များကို ရွေးချယ်ပေးသည်ဟု Alert 5 သတင်းဌာနအရ သိရသည်။

မောင်းသူမဲ့ဒရုန်းသည် ပစ်မှတ်ပေါ်တွင် နာရီပေါင်းများစွာပျံဝဲနေပြီး ပစ်မှတ်ကိုတိုက်ခိုက်နိုင်ရန် တစ်နာရီလျှင် ကီလိုမီတာ ၆၀၀ အလျင်နှုန်းဖြင့် ထိုးဆင်းတိုက်ခိုက်နိုင်ကြောင်း Focus Taiwan က ရေးသားခဲ့သည်။

NCSIST သည် ဒရုန်းဗားရှင်းနှစ်မျိုးကို တီထွင်ထုတ်လုပ်နေသည်။ တစ်မျိုးမှာ တိုက်ခိုက်ရေးသုံးဗားရှင်းဖြစ်ပြီး နောက်တစ်မျိုးမှာ ရေဒါလိုက်စီးဒုံးကျည်များနှင့် ဒရုန်းများရန်မှ တန်ဖိုးကြီးမားသောအချက်အခြာနေရာ၊ ရဲယာများကို ကာကွယ်ရန်အတွက် (Decoy) အီလက်ထရွန်နစ်စစ်ဆင်ရေးသုံးဗားရှင်းတို့အဖြစ် တီထွင်ထုတ်လုပ်ထားသည်။

**Taiwan Orders 100-Plus Indigenous Radar-Killing Suicide Drones ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

# NABA စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ဖယ်ကာအိုနှင့် အမူရူတို့ ထိုးသတ်မည်

**ပနားမား နိုဝင်ဘာ ၂၃**

NABA စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိ ချန်ပီယံ ဘရာဇီးလက်ဝှေ့သမား ဖယ်ကာအိုနှင့် စိန်ခေါ်သူ ဂါနာ လက်ဝှေ့သမား အမူရူတို့ ဒီဇင်ဘာ ၁၁ ရက်တွင် အမေရိကန်နိုင်ငံ အော်လန်ဒိုဌ ထိုးသတ်သွားမည်ဟု NABA က ထုတ်ပြန်ခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖယ်ကာအိုသည် WBC Latino စူပါမစ်ဒယ်ဝိတ်တန်း လက်ရှိချန်ပီယံတစ်ဦးလည်းဖြစ်ပြီး လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် ရှုံးပွဲတစ်ပွဲသာရှိသေးသူဖြစ်ပြီး စိန်ခေါ်သူ အမူရူသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၂၆ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲ ခုနစ်ပွဲရှိသူဖြစ်သည်။

ချန်ပီယံဖယ်ကာအိုက “လက်ရှိချန်ပီယံဘွဲ့ကို ပထမဦးဆုံးအကြိမ် ကာကွယ်ထိုးသတ်သွားရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အမူရူဟာ ခက်ခဲတဲ့ပြိုင်ဘက်တစ်ဦးပါ။ ကျွန်တော့်ကို ဖိအားပေးနိုင်တဲ့လက်ဝှေ့သမားလဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့အတွက် အကောင်းဆုံး ပြင်ဆင်ထားတယ်။ အမူရူအနေနဲ့လဲ ချန်ပီယံခါးပတ်ကို ရည်မှန်းပြီးတော့ အကောင်းဆုံး ပြင်ဆင်ထားတယ်လို့ သိရပါတယ်။ အမူရူလို လက်ဝှေ့သမားတစ်ဦးနဲ့ ထိုးသတ်ခွင့်ရမှာ ကျွန်တော့်အတွက် စိတ်လှုပ်ရှားစရာ ကောင်းသလို ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းကိုလဲ အစမ်းသပ်ခံရမယ့် စိန်ခေါ်ပွဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ဖယ်ကာအိုအတွက် အခက်အခဲရှိလာနိုင်သည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်ပြီး ဖယ်ကာအိုက မိမိ၏ ချန်ပီယံခါးပတ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အကောင်းဆုံး ပြင်ဆင်ထားသည့်အတွက် အမူရူကို အလဲထိုးရလဒ်ဖြင့်အနိုင်ရယူရန် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။ AZL



## အားကစားသတင်း အတိုအထွာများ

- ဇန်နဝါရီအပြောင်းအရွှေ့ကစားသမားခေါ်ယူမည့် စာရင်းတွင် တိုက်စစ်မှူး မားကပ်သူရမ်ကို ခေါ်ယူရန် မန်ယူအသင်း ပစ်မှတ်ထားနေကြောင်း သိရသည်။
- တိုက်စစ်မှူး ဒီပိုင်းက ဘာစီလိုနာနှင့် အနာဂတ်မသေချာတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် စပါးအသင်းအပါအဝင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ချိတ်ဆက်လျက်ရှိသည်။
- ပြီးခဲ့သည့် ဘောလုံးရာသီက ပရိသတ်တစ်ဦး၏ ဖုန်းကို ရိုက်ချခဲ့သည့် စီရော်နယ်ဒိုကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ML

### ကမ္ဘာ့ဖလားအုပ်စုပွဲစဉ် ရလဒ်

| | | | | |
|---|---|---|---|---|
| ခရိုအေးရှား | ၀ | - | ၀ | မော်ရိုကို |
| ဂျာမနီ | ၁ | - | ၂ | ဂျပန် |
| စပိန် | ၇ | - | ၀ | ကော်စတာရီကာ (ဝ၄၀) |

# မန်စီးတီးအသင်းက နည်းပြ ဂွါဒီယိုလာကို နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို




**မန်ချက်စတာ နိုဝင်ဘာ ၂၃**

မန်စီးတီးအသင်းက အသင်းမှ နည်းပြဂွါဒီယိုလာကို ၂၀၂၅ ခုနှစ်ထိ နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၅၁ နှစ်ရှိ ဂွါဒီယိုလာသည် ၂၀၁၆ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်စီးတီးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အကြိမ်ကြိမ်ဆွေးနွေးခဲ့ရာမှ ယနေ့တွင် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာက“မန်စီးတီးအသင်းမှာ နောက်ထပ်နှစ်နှစ်ဆက်ပြီးနေခွင့်ရမှာဖြစ်လို့ ပျော်ရွှင်ပါတယ်။ ကျွန်တော့်ကို ဆက်ပြီးယုံကြည်မှုပေးတဲ့အတွက်လဲအသင်းတာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်အသင်းအတွက် အတတ်နိုင်ဆုံး အကောင်းဆုံးပေးဆပ်ဖို့ အသင့်ရှိပါတယ်”ဟု ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့သည့်အချိန်မှစတင်ပြီး အသင်းကို ပရီးမီးယားလိဂ်ဖြိုင်ပွဲအဖြင့် ဥရောပတွင်ပါ ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင်တည်ဆောက်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားကို နောက်ဆုံးဘောလုံးရာသီငါးရာသီ၌ လေးကြိမ်ထိရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နှစ်နှစ်ဆက်ချန်ပီယံအဖြစ်ရပ်တည်လျက်ရှိနေပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည်။

နည်းပြဂွါဒီယိုလာသည် အစောပိုင်းက မန်စီးတီးအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်မဟုတ်ဘဲ လမ်းခွဲမည်ဖြစ်ကာ လက်ရွေးစင်အသင်းတစ်သင်းကို တာဝန်ယူကိုင်တွယ်သွားမည်ဟုပြောကြားခဲ့သော်လည်း ယခုအခါ အသင်းနှင့်သာ ဆက်လက်လက်တွဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်ထိ အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ STA

# ပြင်သစ်အသင်းသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမား အွန်နရီ၏စံချိန်ကို တိုက်စစ်မှူး ဂီရော့ဒ် လိုက်မီ

**ပဲရစ် နိုဝင်ဘာ ၂၃**

ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်အသင်းနှင့် ဩစတြေးလျအသင်းတို့ပွဲစဉ်၌ ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ဂီရော့ဒ်သည် နိုင်ငံတကာသွင်းဂိုး ၅၁ ဂိုးထိရှိလာခဲ့ပြီး ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေသည့် အွန်နရီ၏ စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင်ဖော်ပြခဲ့သည်။

ပြင်သစ်အသင်းဘောလုံးသမိုင်းတွင် ဂန္ထဝင်ကစားသမား အွန်နရီက နိုင်ငံတကာပြိုင်ပွဲ ၁၂၃ ပွဲတွင် သွင်းဂိုး ၅၁ ဂိုးထိ သွင်းယူ၍ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ဂီရော့ဒ်က လက်ရှိ ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် အွန်နရီ၏ စံချိန်ကိုလိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ဂီရော့ဒ်သည် ၂၀၁၁ ခုနှစ်က ပြင်သစ်အသင်းအတွက် စတင်ပါဝင်ကစားခွင့်ရရှိခဲ့သည့်ပွဲစဉ်တွင် အမေရိကန်အသင်းကို ပထမဆုံးသွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် လက်ရှိအချိန်ထိ နိုင်ငံတကာပြိုင်ပွဲ ၁၁၅ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး ၅၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံးကစားသမား အွန်နရီ၏ စံချိန်ကိုကျော်ဖြတ်နိုင်ရန် သေချာလျက်ရှိသည်။

ထို့ပြင် ပြင်သစ်အသင်းဘောလုံးသမိုင်းတစ်လျှောက်တွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် အွန်နရီနှင့် ဂီရော့ဒ် ၅၁ ဂိုးပြီးလျှင် သွင်းဂိုး ၄၂ ဂိုးထိသွင်းယူနိုင်ခဲ့သည့် ဂရစ်ဇ်မန်းက တတိယ၊ သွင်းဂိုး ၄၁ ဂိုးသွင်းယူနိုင်ခဲ့သည့် ပလာတီနီက စတုတ္ထနှင့် သွင်းဂိုး ၃၇ ဂိုးသွင်းယူနိုင်ခဲ့သည့် ဘင်ဇီးမားက ပဉ္စမနေရာ၌ ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ ML



# စတုဂတ်အသင်းက ရောင်းချမည့် ခံစစ်ကစားသမား ဆိုဆာကို ခေါ်ယူရန် နယူးကာဆယ်အသင်း ပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၂၃**

စတုဂတ်အသင်းက လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားသည့် ခံစစ်ကစားသမား ဆိုဆာကို နယူးကာဆယ်အသင်းက ခေါ်ယူရန် ပြင်ဆင်နေကြောင်း Bild သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုဆာသည် ယခုနှစ်ဘောလုံးရာသီ စတုဂတ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၃ ပွဲ ပါဝင်ကစားခဲ့ရာ၌ ဂိုးဖန်တီးမှု ရှစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းကခေါ်ယူရန် ကြိုးပမ်းနေပြီး စတုဂတ်အသင်းက ဆိုဆာ၏ပြောင်းရွှေ့ကြေးကို အနည်းဆုံး စတာလင်ပေါင် ၁၃ သန်းနှင့် ၂၀ ဒသမ ၆ သန်းကြားအလိုရှိနေခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းနှင့်အတူ စီးရီးအေကလပ် အင်တာမီလန်အသင်းနှင့်အတ္တလန္တာအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း လက်ရှိကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်းအတွက် ပါဝင်ကစားပေးသည့် ၎င်း၏ ခြေစွမ်းပိုင်းပေါ်မူတည်၍ ခြေစွမ်းပြသနိုင်ခဲ့ပါက ၎င်း၏ ပြောင်းရွှေ့ကြေး တိုးမြှင့်နိုင်ဖွယ်ရှိသည်ဟု စတုဂတ်အသင်းက ထုတ်ပြန်ထားသည်။

အသက် ၂၄ နှစ်ရှိ ဆိုဆာသည် ခရိုအေးရှားကလပ် ဒိုင်နမိုဇာဂရက်အသင်းမှစတုဂတ်အသင်းသို့ ၂၀၁၈ ခုနှစ်က ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ၎င်းအနေဖြင့် ကစားသမားဘဝနောက်တစ်ဆင့်မြင့်တက်နိုင်မည့် ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုသောကြောင့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ကလပ်အသင်းက ရောင်းချရန် ဆုံးဖြတ်ခဲ့ရကြောင်း သိရသည်။ ML

# ပြင်သစ်ခံစစ်ကစားသမား လူးကပ်ဟာနန်ဒက်စ် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားလက်ကျန်ပွဲစဉ်များကို လွဲချော်



**ပဲရစ် နိုဝင်ဘာ ၂၃**

ပြင်သစ်အသင်းက ဩစတြေးလျအသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်တွင် ခံစစ်ကစားသမား လူးကပ်ဟာနန်ဒက်စ်ဒဏ်ရာရရှိခဲ့ပြီးနောက် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ပြင်သစ်အသင်းက ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လူးကပ်ဟာနန်ဒက်စ် သည် ဩစတြေးလျအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ပွဲချိန် ၁၃ မိနစ်တွင်ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် သီအိုဟာနန်ဒက်စ်နှင့် လူစားလဲထွက်ခွာခဲ့ရပြီး ယခုအခါ ၎င်း၏ဒဏ်ရာမှာ ဒူးအရွတ်ထိခိုက်မှုကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲများကို လွဲချော်မည့်အပြင် ကာလရှည်အနားယူရမည်ဖြစ်သောကြောင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်သည်။

နည်းပြဒက်ချမ့်၏ ပြင်သစ်အသင်းသည် ပြိုင်ပွဲမစတင်မီကတည်းက အဓိက ကစားသမားများဖြစ်သည့် ပေါ့ဂ်ဘာ၊ကန်တီ၊ဘင်ဇီးမား၊ အန်ကူကူတို့ကို လက်လွှတ်ခဲ့ရသည့်အပြင် ယခုအခါ ဒူးအရွတ်ဒဏ်ရာရရှိခဲ့သည့် အဓိကခံစစ်ကစားသမား လူးကပ်ဟာနန်ဒက်စ်ကိုပါ ထပ်မံပြီး လက်လွှတ်ရမည်ဖြစ်သည်။

နည်းပြဒက်ချမ့်က "လက်ရှိအသင်းရဲ့ကစားသမားတွေနဲ့နည်းပြအဖွဲ့တွေအပါအဝင် အားလုံးက ဟာနန်ဒက်စ်အတွက် စိတ်မကောင်းဖြစ်နေတာပါ။ဟာနန်ဒက်စ် ဒဏ်ရာရသွားတာ ကျွန်တော်တို့အသင်းအနေနဲ့ကြီးမားတဲ့ဆုံးရှုံးမှုပါ။ ဒဏ်ရာအခြေအနေက စိုးရိမ်စရာဖြစ်ပေမဲ့ အချိန်အတိုင်းအတာ တစ်ခုထိ အနားယူလိုက်ရင် ဘောလုံးပြန်ကစားနိုင်မှာပါ။သူ့အနေနဲ့ ဒဏ်ရာအမြန်သက်သာပါစေလို့ ပြင်သစ်အသင်းရဲ့ကိုယ်စားဆုတောင်းပေးပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# မန်ယူအသင်းက စီရော်နယ်ဒိုနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်း

**မန်ချက်စတာ နိုဝင်ဘာ ၂၃**

မန်ယူအသင်းက စီရော်နယ်ဒိုနှင့် လက်ကျန်စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှုရရှိခဲ့ပြီး လမ်းခွဲခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ၂၀၂၁ ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းမှ မန်ယူအသင်းသို့ တစ်ကျော့ပြန်လည်ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရုန်းကန်နေရခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီမစတင်မီကတည်းက မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် လွဲချော်ထားရသည့်အတွက် စီရော်နယ်ဒိုက ချန်ပီယံလိဂ်ဝင်ခွင့်ရရှိသည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားလိုနေသောကြောင့် အသင်းနှင့် ရာသီကြိုလေ့ကျင့်ရေးခရီးစဉ်ကို မိသားစုအကြောင်းပြချက်ဖြင့် ပူးပေါင်းခြင်းမရှိဘဲ အသင်းပြောင်းရွှေ့ကစားရန် ကြိုးပမ်းခဲ့သည်။

အဆိုပါ ဖြစ်ရပ်များကြောင့် စီရော်နယ်ဒိုနှင့် နည်းပြတန်ဟတ်တို့ဆက်ဆံရေး ဆိုးရွားလာခဲ့ပြီး အသင်းတွင် ပွဲထွက်ခွင့်မရရှိဘဲ အရန်ခုံတွင်သာ ထိုင်နေခဲ့ရသည့်အတွက် ပွဲကစားနေစဉ်အတွင်း ပွဲမပြီးဆုံးမီကွင်းအတွင်းမှ ထွက်ခွာခဲ့သည့်လုပ်ရပ်ကြောင့်ကစားသမားစာရင်းမှပင် ချန်လှပ်ခံခဲ့ရသည်။




သို့သော် စီရော်နယ်ဒိုနှင့် နည်းပြတန်ဟတ်တို့ဆွေးနွေးမှုများပြုလုပ်ပြီး ပြန်လည်အဆင်ပြေခဲ့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အင်တာဗျူးတွင် မန်ယူအသင်းနှင့် နည်းပြတန်ဟတ်တို့ကို လူသိရှင်ကြား ဝေဖန်မှုများပြုလုပ်ခဲ့သောကြောင့် မန်ယူအသင်းက စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# အာဂျင်တီးနားအသင်းလေ့ကျင့်ရေးစခန်းသို့ အကြောင်းပြချက်မရှိဘဲ သွားရောက်ခွင့်တားမြစ်ထားဟု တိုက်စစ်မှူးဟောင်း အဂူရို ပြောကြား

**ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၂၃**

အာဂျင်တီးနား အသင်းနှင့် မန်စီးတီးအသင်း ကစားသမားဟောင်း အဂူရိုက မိမိကို အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ အာဂျင်တီးနားအသင်း၏ လေ့ကျင့်ရေးစခန်းသို့ သွားရောက်ခွင့်ပိတ်ပင်ခံထားရသည်ဟု ပြောကြားခဲ့ကြောင်း The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းကစားသမားဟောင်း အဂူရိုသည် ပြီးခဲ့သည့် ၂၀၂၁ခုနှစ်က မန်စီးတီးအသင်းမှ ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပွဲစဉ်အနည်းငယ်သာကစားခဲ့ရပြီး နှလုံးရောဂါကြောင့် ကစားသမားဘဝမှ အနားယူခဲ့ရသူဖြစ်သည်။

အဂူရိုကို ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က အာဂျင်တီးနားအသင်း နည်းပြအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းခဲ့သော်လည်း အဂူရိုက ပယ်ချခဲ့ခြင်းဖြစ်သည်။

အဂူရိုက "ကျွန်တော် အာဂျင်တီးနားအသင်းကစားသမားတွေကို တွေ့ဆုံဖို့ သူတို့လေ့ကျင့်ရေးစခန်းကိုသွားရောက်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ ငြင်းပယ်ခံခဲ့ရပါတယ်။ကျွန်တော့်ကို ဘယ်သူက ပိတ်ပင်တာလဲဆိုတော့ ဘာမှမပြောဘဲ အထောက်အထားပြဖို့လိုတယ်လို့ပြောပါတယ်။ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော်မသိပါဘူး။ အခုတော့ ကစားသမားတွေနဲ့တွေ့လို့မရခဲ့ပါဘူး"ဟု ပြောကြားခဲ့သည်။

အဂူရိုသည် အာဂျင်တီးနားနှင့်အတူ ၂၀၀၅ခုနှစ်မှစတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး နောက်ဆုံးကစားခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲထိ နိုင်ငံတကာပွဲစဉ် ၉၉ ပွဲကစားခဲ့ပြီး ၄၁ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။ STA

# အုပ်စု(A)ဒုတိယပွဲစဉ်မှာ နယ်သာလန်ကိုရွေးချယ်ရမှာပါ

**နယ်သာလန် Vs အီကွေဒေါ**

**ကစားမည့်ရက်/အချိန် ၂၅-၁၁-၂၀၂၂ (ည ၁၀း၃၀နာရီ)**

အုပ်စု(A) အဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံးနိုင်ပွဲရရှိခဲ့တာကြောင့် အခုပွဲစဉ်ဟာ နောက်တစ်ဆင့်တက်ရောက်ဖို့ အဆုံးအဖြတ်ပွဲစဉ်လိုဖြစ်နေတာကို တွေ့ရမှာပါ။ နယ်သာလန်ဟာ အဖွင့်ပွဲစဉ်မှာ ဆီနီဂေါ်အသင်းလောက်ကစားကွက်မကောင်းခဲ့ဘဲ တောက်လျှောက်ဖိအားပေးမှုကို ခံခဲ့ရပေမဲ့ ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းကြောင့် နှစ်ဂိုးပြတ်အနိုင်ရခဲ့တာပါ။ အဲ့ဒီပွဲစဉ်မှာ နယ်သာလန်ရဲ့ တောင်ပံကစားသမားတွေခြေစွမ်းပြနိုင်ခဲ့ပြီး ဖြတ်တင်ဘောတွေ ထိရောက်ခဲ့တာကြောင့် ဆီနီဂေါအသင်း ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ဆီနီဂေါနဲ့ပွဲမှာ နယ်သာလန်ကစားပုံဟာ အဓိကတိုက်စစ်မှူး ဒီပိုင်းပါဝင်လာပြီးနောက်ပိုင်း ပိုမိုကောင်းခဲ့တာဖြစ်သလို အနိုင်ဂိုးတွေရခဲ့တာလဲဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြဗန်ဟားရဲ့ပြိုင်ပွဲတစ်ပွဲကို ချဉ်းကပ်တဲ့ပုံစံဟာ စိတ်ရှည်လွန်းနေတာကလဲ အဓိကျတယ်လို့ဆိုရမှာပါ။ နယ်သာလန်ဟာ ခံစစ်နဲ့ကွင်းလယ်မှာ အပြစ်ပြောစရာမရှိပေမဲ့ တိုက်စစ်ပိုင်းမှာတော့ ဒီပိုင်းမရှိရင် ဘာမှမလုပ်နိုင်သလိုဖြစ်နေတာကို တွေ့ရမှာပါ။ လာမယ့်ပွဲစဉ်မှာတော့ ဗန်ဟားအနေနဲ့ ဒီပိုင်း၊ စတီဗင်ဘာ့ဂင်နဲ့ ဂက်ပိုတို့ကို တစ်ပြိုင်တည်းပွဲထွက်လာမယ်ဆိုရင်တော့ အီကွေဒေါအသင်း ထိန်းချုပ်ဖို့မလွယ်လောက်ပါဘူး။

အီကွေဒေါအသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ဂိုးရဖို့ တိုက်စစ်မှူးဗလင်စီယာအသင်းကိုသာ အားကိုနေရတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အဖွင့်ပွဲစဉ်မှာ လိုအပ်ချက်တွေရှိနေတဲ့ အိမ်ရှင်ကာတာကို ပထမပိုင်းမှာသာ ဖိအားပေးကစားနိုင်ပေမဲ့ ဒုတိယပိုင်းမှာ ကစားအားကျဆင်းခဲ့ပြီး ကာတာရဲ့ပြန်လည်ဖိအားပေးမှုကို ခံခဲ့ရတာတွေ့ရမှာပါ။ အဲ့ဒီပွဲစဉ်မှာလဲ ကာတာရဲ့ဘောလုံးအဆင့်အတန်းဟာ အီကွေဒေါထက် တစ်ဆင့်နိမ့်ကျနေတာကြောင့် သူတို့အသင်းအနေနဲ့ အလွယ်တကူအနိုင်ရသွားတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့နောက်တစ်ဆင့်အတွက် ရေကုန်ရေခမ်းကစားရမှာဖြစ်သလို ကစားသမားစုဖွဲ့မှုနဲ့ အတွေ့အကြုံပိုင်းမှာတော့ နယ်သာလန်ကို ယှဉ်မရတာသေချာပါတယ်။ သူတို့အသင်းရဲ့ အဓိကတိုက်စစ်မှူး ဗလင်စီယာအနေနဲ့လဲ ဗန်ဒိုက်၊ ဒီလိုက်၊ အကီတို့လို ခံစစ်ကစားသမားတွေကို ကျော်ဖြတ်နိုင်ပါ့မလားဆိုတာမေးခွန်းထုတ်စရာပါ။ သူတို့အသင်းရဲ့အဓိကကစားသမား ဗလင်စီယာကလဲအသက်အရွယ်အရ ပွဲချိန်ကြာလာတာနဲ့ အကျပိုင်းရောက်လာတာကြောင့် နယ်သာလန်ကိုဂိုးရဖို့ထက် ပေးဂိုးမများသွားဖို့သာ ဂရုစိုက်ရမှာပါ။ဒါ့ကြောင့် ပွဲချိန်ကြာလာတာနဲ့ အကျပိုင်းရောက်သွားတဲ့ အီကွေဒေါကစားကွက်နဲ့ ပွဲချိန်နောက်ပိုင်းမှ ဂိုးသွင်းယူလေ့ရှိတဲ့ နယ်သာလန်တို့ တွေ့ဆုံနေတဲ့ပွဲစဉ်မှာ နယ်သာလန်ပဲအနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - နယ်သာလန် ၂ - ၁ အီကွေဒေါ** ML

# Davis Cup ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျအသင်း အနိုင်ရရှိ

**ကင်ဘာရာ နိုဝင်ဘာ ၂၃**

Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ဩစတြေးလျအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဩစတြေးလျအသင်းက (၂-၀) ရလဒ်ဖြင့်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်ဟု Ubitennisသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဦးစွာ တစ်ဦးချင်းပွဲစဉ်(၁) အဖြစ် ဩစတြေးလျအသင်းမှ ဂျော်ဒန်တွမ်ဆင်နှင့် နယ်သာလန်အသင်းမှ ဂရစ်စပူတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဂျော်ဒန်တွမ်ဆင်က(၄-၆၊ ၇-၅၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဩစတြေးလျအသင်းက (၁-၀) ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့ကာ ပွဲစဉ်(၂)အဖြစ် ဩစတြေးလျအသင်းမှ အဲလက်စ်ဒီမီနောနှင့် နယ်သာလန်အသင်းမှ ဗန်ဒီရှလှပ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဲလက်စ်ဒီမီနောက (၅-၇၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိပြီး ဩစတြေးလျအသင်းက ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နယ်သာလန်အသင်းအနေဖြင့် အဓိက ကစားသမား ဗန်ဒီရှလှပ်ကို အသင်းရလဒ်ပိုင်းအတွက် အဓိကမျှော်လင့်ထားသော်လည်း ဗန်ဒီရှလှပ်သည် ထင်မှတ်မထားသည့်ရလဒ်ဖြင့် အဲလက်စ်ဒီမီနောကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဩစတြေးလျအသင်းသည် ဆီမီးဖိုင်နယ်အဆင့်၌ စပိန်အသင်းနှင့် ကနေဒါအသင်းမှအနိုင်ရရှိလာမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဲလက်စ်ဒီမီနောက "အသင်းသားအားလုံးစည်းလုံးမှုရှိသလို နိုင်လိုစိတ်လဲ ပြင်းထန်ကြပါတယ်။ ဩစတြေးလျအတွက် အောင်မြင်မှုရှာဖွေနိုင်ဖို့ အကောင်းဆုံးကြိုးစားနေကြပါတယ်။ နယ်သာလန်အသင်းကို အနိုင်ရအောင်ကစားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ နိုင်ငံ့ဂုဏ် ဆောင်နိုင်ဖို့အတွက် အားလုံး အကောင်းဆုံးပေးဆပ်သွားမှာပါ"ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# လပွတ္တာမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧက စိုက်ပျိုးမည်




**လပွတ္တာ နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧက ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လပွတ္တာမြို့နယ်တွင် ဆီထွက်သီးနှံမြေပဲကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံမြေပဲ ၆၁၉ ဧက စိုက်ပျိုးနိုင်ရန် စိုက်ကွက်ဖော်သည့်လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်နေကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တစ်မြို့နယ်လုံးအနေနဲ့ ဆီထွက်သီးနှံမြေပဲဧက ၆၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ တောင်သူတွေကို ဆောင်းသီးနှံတွေ စိုက်ဖို့အတွက် နည်းပညာတွေ ပေးနေပါတယ်။ လက်ရှိမှာ ဒေသခံတောင်သူတချို့က ဆီထွက်သီးနှံမြေပဲတွေ စိုက်ဖို့အတွက် စိုက်ကွက်ဖော်တာတွေ၊ မြေပြုပြင်တာတွေ လုပ်နေပါတယ်။ လာမဲ့ဒီဇင်ဘာလပထမပတ်မှာ စိုက်ဖို့လုပ်ဆောင်နေတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမြေပဲကို ဒေသခံ တောင်သူ ၁၄၉ ဦးမှ အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အဆိုပါ ဆီထွက်သီးနှံမြေပဲများ အထွက်နှုန်းညီစေရန် မြေယာ ပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုသည့် နည်းစနစ်များ၊ ရေအသုံးချမှု ပိုင်းဆိုင်ရာများ၊ မြေပဲမျိုးသန့် အသုံးချမှုများ၊ စိုက်ပျိုးနည်းစနစ်များစသည့်တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝိုင်းမော်မြို့နယ် လမြန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ဝိုင်းမော် နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် လမြန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဘုန်းလင်း၊ ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်နှင့် တာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လမြန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။



လမြန်ကျေးရွာတွင် လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖြန့်ကျောက်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် သန်း ၈၀ ဖြင့် တင်ဒါအောင်မြင်သည့် Damsel Beautiful ကုမ္ပဏီက စက်တင်ဘာလပထမပတ်က စတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းပြီးစီးပါက လမြန်ကျေးရွာရှိ အိမ်ခြေ ၃၂၅ အိမ်၊ လူဦးရေ ၁၅၉၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၅၀၀ ကျော်ကို အကျိုးပြုပြီး စိုက်ပျိုးမြေများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ဝိုင်းမော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် စက်ရေတွင်းဆိုလာတပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် မြေဖြူကုန်းကျေးရွာ၌ စက်ရေတွင်းဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးသည် VDP စီမံကိန်းတာဝန်ခံတို့နှင့်အတူ မြေဖြူကုန်းကျေးရွာတွင် စက်ရေတွင်း ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

တောင်သာမြို့နယ် မြေဖြူကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ တို့ဖြင့် (3 Phase, 380 V, 5KW) စက်ရေတွင်း ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းကို ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၃-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၉၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မကျီးတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၃၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မန္တလေးနန်းမြို့တွင်းရှိ ကျောက်စာရုံနှစ်ရုံမှ ကျောက်စာများကို RTI နည်းပညာဖြင့် မှတ်တမ်းတင်နေမှု အချပ်ရေ ၅၀ ကျော်ပြီးစီး



**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးနန်းမြို့တွင်းရှိ ကျောက်စာရုံနှစ်ရုံမှ ကျောက်စာများကို Reflectance Transformation Imaging (RTI) နည်းပညာဖြင့် မှတ်တမ်းတင်နေမှု အချပ်ရေ ၅၀ ကျော်ပြီးစီးပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ဦးစီးအရာရှိ ဒေါ်အိသန္တာက ပြောပြ၍ သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) လက်အောက်ရှိ တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ပည်း ကျောက်စာဌာနစုမှ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများက RTI နည်းပညာဖြင့် မန္တလေးနန်းမြို့တွင်းရှိ ကျောက်စာရုံနှစ်ရုံမှ ကျောက်စာများ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ကျောက်စာအချပ်ရေ ၅၀ ကျော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ကျောက်စာတွေကို ခေတ်မီနည်းပညာတွေနဲ့ မှတ်တမ်းတင်တာဟာ ခေတ်အဆက်ဆက် ရာဇဝင်နဲ့ ယဉ်ကျေးမှုတွေကို လေ့လာသုတေသနပြုတာ၊ ထိန်းသိမ်းတာတွေဖြစ်လို့ အခုမှတ်တမ်းတင်နေတဲ့ RTI နည်းပညာဟာ အရင်က ပြုလုပ်ခဲ့တဲ့ နည်းပညာတွေထက် စာလုံးပုံပိုမိုပေါ်လွင်ပြီး စာအရေအတွက် ကျန်ခဲ့တာတွေမရှိတဲ့အတွက် ပိုမိုကောင်းမွန်ပါတယ်။ လက်ရှိ မှတ်တမ်းတင်ပြီးစီးခဲ့တဲ့ ကျောက်စာတွေကတော့ အင်းဝ၊ ပင်းယနဲ့ ကျောက်ဆည်ရှေးဟောင်းမြို့နေရာတွေက တူးဖော်ရရှိခဲ့တဲ့ ကျောက်စာတွေ ဖြစ်ပါတယ်”ဟု ဒေါ်အိသန္တာက ပြောပြသည်။

လက်ရှိ RTI နည်းပညာဖြင့် ကျောက်စာများကို မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မန္တလေးနန်းမြို့တွင်းရှိ ကျောက်စာရုံနှစ်ရုံအနက် ကျောက်စာရုံ အမှတ်(၁) တွင် ကျောက်စာအချပ်ရေ ၄၅၅ ချပ်နှင့် ကျောက်စာရုံ အမှတ် (၂) တွင် ကျောက်စာအချပ်ရေ ၁၁၃ ချပ်ရှိကြောင်း သိရသည်။

ASH

# Indiana Jones-5 ဇာတ်ကားတွင် မင်းသားကြီး ဟယ်ရီဆင်ဖို့ကို အရွယ်လျှော့ချပေးထား

**နယူးယောက် နိုဝင်ဘာ ၂၃**

Indiana Jones-5 ဇာတ်ကားတွင် မင်းသားကြီး ဟယ်ရီဆင်ဖို့ကို အရွယ်လျှော့ချပေးထားကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Indiana Jones-5 ဇာတ်ကား၌ အသက် ၈၀ အရွယ် မင်းသားကြီး ဟယ်ရီဆင်ဖို့ကို အရွယ်လျှော့နည်းပညာဖြင့် အရွယ်လျှော့ချပေးထားရာ အသက် ၄၀ အရွယ် အဓိကဇာတ်ကောင် Indiana Jones အဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း သိရသည်။

၁၉၄၄ ခုနှစ်ကို ဇာတ်အိမ်တည်ထားသော Indiana Jones-5 ဇာတ်ကား၌ နာဇီများနှင့် တိုက်ခိုက်ရမည့်ဇာတ်ဝင်ခန်းများ ပါရှိသည်ဖြစ်ရာ မင်းသားကြီး ဟယ်ရီဆင်ဖို့ကို အရွယ်လျှော့နည်းပညာဖြင့် အသက် ၄၀ အရွယ် လူလတ်ပိုင်းအဖြစ်သို့ ပြောင်းပေးထားရခြင်းဖြစ်သည်။

မင်းသားကြီး ဟယ်ရီဆင်ဖို့၏ ယခင် Indiana Jones ဇာတ်ကားများကို ဒါရိုက်တာ စတီဗင်စပီးဘားက ရိုက်ကူးခဲ့သော်လည်း Indiana Jones-5 ဇာတ်ကားကိုမူ ဒါရိုက်တာ ဂျိမ်းမင်းဂိုးက ရိုက်ကူးပေးထားကြောင်း သိရသည်။

KKO



# တာချီလိတ်မြို့နယ်တွင် ရှမ်းတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ရှမ်းတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(တာချီလိတ်မြို့နယ်) အဖွဲ့ဝင် ဦးစိုင်းဇော်မိုးက ပြောပြ၍ သိရသည်။

ရှမ်းတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်ကို တာချီလိတ်မြို့နယ် မကာဟိုခမ်းရပ်ကွက်ရှိ မဟာမုနိဘုရားကြီးဝင်းအတွင်း ကျင်းပခြင်းဖြစ်ပြီး အဆိုပါပွဲတော်တွင် ရှမ်းရိုးရာအကအလှများ၊ ရှမ်းရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြောင်း သိရသည်။

“ရိုးရာနှစ်သစ်ကူးပွဲတော်ကို နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းက စတင်ကျင်းပပါတယ်။ အကျွေး အမွေး၊ အကအခုန်တွေနဲ့ပါ။ နိုဝင်ဘာ ၂၄ ရက်မှာ နှစ်သစ်ကူးကုသိုလ်အနေနဲ့ အလှူအတန်းတွေပြုလုပ်ပြီးတော့ ရေစက်သွန်းချ အမျှပေးဝေမှာ ဖြစ်ပါတယ်”ဟု ရှမ်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (တာချီလိတ်မြို့နယ်) အဖွဲ့ဝင် ဦးစိုင်းဇော်မိုးက ပြောပြသည်။



ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်များကို ရှမ်းတိုင်းရင်းသားများ အများဆုံးနေထိုင်ရာ ရှမ်းပြည်နယ်တွင်သာမက ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်လည်း နှစ်စဉ် နိုဝင်ဘာလအတွင်း ကျင်းပကြောင်း သိရသည်။

ASH

# Avatar:The Way of Water ဇာတ်ကား တရုတ်ရုပ်ရှင်ဈေးကွက်၌ ပြသခွင့်ရ

**နယူးယောက် နိုဝင်ဘာ ၂၃**

ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းကင်မရွန် ရိုက်ကူးထားသည့် Avatar: The Way of Water ဇာတ်ကား တရုတ်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသခွင့်ရခဲ့ပြီဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

Avatar: The Way of Water ဇာတ်ကားကို တရုတ်ရုပ်ရှင်ဈေးကွက်၌ ဒီဇင်ဘာ ၁၆ ရက်တွင် ရုံတင်မည်ဖြစ်ကြောင်း ဒစ္စနီးရုပ်ရှင်ကုမ္ပဏီနှင့် ၂၀ ရာစုရုပ်ရှင်စတူဒီယိုတို့က အတည်ပြုထားသည်။

အဆိုပါဇာတ်ကားကို မြောက်အမေရိကရုပ်ရှင်ဈေးကွက်၌ ရုံတင်မည့်ရက်မှာပင် တရုတ်ရုပ်ရှင်ဈေးကွက်တွင် ရုံတင်ရန် ဒစ္စနီးနှင့် ၂၀ ရာစုရုပ်ရှင်စတူဒီယိုတို့က စီစဉ်ထားခြင်းဖြစ်သည်။

Avatar: The Way of Water ဇာတ်ကားသည် ကိုဗစ်-၁၉ ရောဂါစတင်ပြီးနောက် တရုတ်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသခွင့်ရခဲ့သည့် ဟောလိဝုဒ်ဇာတ်ကားအနည်းငယ်ထဲတွင် ပါဝင်သည်။

အဆိုပါဇာတ်ကားသည် Avatar (2009) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီး ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာသန်း ၃၅၀ နှင့် ၄၀၀ ကြား သုံးစွဲထားကြောင်း သိရသည်။

KKO



# ရတနာအောင်မြေဓမ္မရိပ်သာတွင် ဆုတောင်းပြည့်နဂါးရုံဘုရားကြီးတည်ထားရန် အဆိုတော် အိအိချွန် (ဆရာလေး ဒေါ်အဂ္ဂဉာဏီ)က ငွေကျပ်သိန်း ၂၀ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရတနာအောင်မြေဓမ္မရိပ်သာတွင် အဓိဋ္ဌာန်အောင်ဆုတောင်းပြည့် နဂါးရုံဘုရားကြီး တည်ထားကိုးကွယ်ရန် အဆိုတော် အိအိချွန်(ဆရာလေး ဒေါ်အဂ္ဂဉာဏီ)က ငွေကျပ်သိန်း ၂၀ ကို နိုဝင်ဘာ ၂၂ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အဓိဋ္ဌာန်အောင်ဆုတောင်းပြည့် နဂါးရုံဘုရားကြီး တည်ထားကိုးကွယ်မည့် ရတနာအောင်မြေဓမ္မရိပ်သာကျောင်းတိုက်သည် လှည်းကူးမြို့နယ် ငါးဆူတောင်နယ်မြေဒေသတွင် တည်ရှိကြောင်း၊ နဂါးရုံဘုရားကြီး တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က အဆိုပါကျောင်းတိုက်ရှိ နဂါးကန်တော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

“သီလရှင်ဝတ်ပြီးတော့ တရားအားထုတ်နေတာ သုံးလကျော်လေးလလောက်ရှိခဲ့ပါပြီ။ တရားအားထုတ်နေတဲ့ ကျောင်းတိုက်မှာ ဘုရားတည်မယ်ဆိုတော့ လှူဖြစ်သွားတာပါ။ ကျန်းမာရေးအခြေအနေအရ ဆက်ရှိနေအုံးမယ်ဆိုရင်တော့ ဘုရားတည်ရာမှာ လုပ်အားကုသိုလ်လဲ ပေးသွားမှာပါ”ဟု အဆိုတော် အိအိချွန် (ဆရာလေး ဒေါ်အဂ္ဂဉာဏီ)က ပြောပြသည်။

အဆိုတော် အိအိချွန် (ဆရာလေး ဒေါ်အဂ္ဂဉာဏီ)သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရတနာအောင်မြေဓမ္မရိပ်သာတွင် တရားစခန်း အကြိမ်ကြိမ်ဝင်ရောက်လျက်ရှိပြီး သာသနာ့ဘောင်အတွင်းရှိနေစဉ် တတ်အားသမျှ အလှူအတန်းများ ပြုလုပ်နေကြောင်း သိရသည်။

ASH

# Ceremony to present Lifetime-Literary Award, National Literary Awards and Sarpay Beikman Manuscript Awards for 2022 held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends the ceremony and presents awards


Senior General Min Aung Hlaing delivers a speech at the ceremony.

**Nay Pyi Taw November 23**
Ceremony to present Lifetime-Literary Award, National Literary Awards and Sarpay Beikman Manuscript Awards for 2022 was held at Myanmar International Convention Centre 2 here this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Joint Secretary, SAC members, Union ministers, Union level officials, the Nay Pyi Taw Council chairman, senior military officers, the Nay Pyi Taw Command commander, deputy ministers, members of the award selection committee, award winners, literati, artists, literary enthusiasts and officials were also present.

First, the Senior General and attendees looked around the biographies, photos and the works of the winners on the ground floor of MICC-2. They then watched a video clip "Towards the goal with the might of pen."

In his address, the Senior General said Sarsodaw Day has been held on 1st waxing day of Nattaw since 1944 in accord with the Myanmar culture and tradition in honour of the literati who serve the public interest with the might of pen. So, the country has observed the day for over 70 years in a row.

Myanmar literature came into existence in 12th century during the Bagan period, so, it is nearly 1000 years old.


Senior General Min Aung Hlaing poses for group photo with literary award winners.

As it has an exact date, the Rajakumara stone inscription is referred to as the earliest literary work in Myanmar literature. Thanks to the efforts and encouragement of state leaders and men of letters including those of the religious order of the successive eras, Myanmar literature continues to thrive for many many years. In recognition of their gratitude, Sarsodaw Day is observed on 1st waxing day of Nattaw every year.

The history of Sarsodaw Day started with the plan of Pyinnyatagon association to observe the U Pu Nya Day in memory of a great literari in Kungyangon during the period Myanmar was under Fascist rule. But Pyinnyatagon association in Yangon suggested observing the day comprehensively as day to honour all men and women of letters rather than honouring a single person. Hence, members of the association held a meeting with literati and members of Myanmar Writers Association on 8 May 1944 and passed a resolution to observe Sarsodaw Day on 1st waxing day of Nattaw every year. The tradition of holding the Sarsodaw Day was maintained since the first one was observed 78 years ago on 15 November in 1944.

The wise named literature as the mirror of the age. From the court to the general public literature that serves the public can be found throughout the mirror of the times throughout the successive eras. The role of doyen literati is important in the efforts to promote Myanmar literature. Likewise, the government, private organizations and well-wishers that support men and women of letters also have a hand in it. The task of honouring the literati with various literary awards, launching literary movements after forming writers associations, organizing paper reading sessions and literary talks, is also supportive for literary development.

The government has been honouring the literati by selecting their fine works for national level National Literary Awards and Sarpay Beikman Manuscript Awards for over 70 years with the aim of developing the Myanmar literature the main stem from which different branches of Myanmar cultural arts spring out.

The national literary award at the highest level had been presented in various forms since 1948. They were Sarpay Beikman modern novel award, Sarpay Beikman award, fine art literature award and national literary award. The number of genres has also increased and reached 19 in 2021.

Moreover, the national lifetime award has been presented since 2001 in recognition of literary achievements of doyen literati who have been serving *See Page 13*


Senior General Min Aung Hlaing presents award to a winner.


Senior General Min Aung Hlaing presents award to a winner.



Senior General Min Aung Hlaing views biographies, photos and works of literary award winners.

*From Page 12*

Myanmar's literary interests. For good manuscripts that could not have been published for various reasons, the Sarpay Beikman manuscript award is presented in 14 genres.

At today's ceremony, 28 manuscript awards will presented in nine of 19 genres for 466 books first published in 2021 and 14 genres for 262 contesting manuscripts.

This year, the four doyen literati who have received the national lifetime literary award for their dedication to the country's literary world throughout their lives have constantly produced knowledgeable and aesthetic works for the sake of the State and the people. Their literary works contribute towards Myanmar's literary world and serve the interests of the State and the people like a motto: **"High literature will promote the dignity of a people."** So it is an honour to award them for their achievements.

Studying the award-winning works for 2021, there have been a variety of pens from novice to maturity. The award selection team has reviewed that their works have been produced meeting literary standards. The award winners include nationally famous writers, departmental personnel, doctors, military officers and retirees as well as those who have been striving to enter the literary world, and it is very heartening.

For the development of a country, physicality and mentality are equally important. The literature and fine arts of a country are the national cultural heritage of that country, and they are usually judged for the cultural standard of that country and its people as the base. From the times of ancient monarchs to successive governments in Myanmar, honorary titles and medals have been presented to those from literary, movie, music and Theban worlds who served their duties as the loyalty towards the State.

For those who are brilliant in the literary and art fields, the State Administration Council of the Republic of the Union of Myanmar awarded 25 in March and eight in April in 2022. On National Day that fell on 17 November this year, seven persons were presented Alinka Kyawswa titles that are awarded to those brilliant in literary and fine art fields. Since the parliamentary period after independence, there have been 64 recipients of that title. Among those are 19 national lifetime literary award winners. More will be awarded to those who deserve.

Throughout successive eras, the State has been striving its best for the development of Myanmar's literature and social life of literati and writers. In the time of the present government also, plans are underway to establish Art Centres and Sarso Beikmans in Yangon and Mandalay so that art works can meet international standard and those from literary world can be brought together with the aim of ensuring sustainable Myanmar literature.

Nowadays, the country is marching with added momentum towards a Union based on democracy and federalism exercising a genuine, disciplined multiparty democratic system aspired by the people. To reach the goal, it is necessary to promote media cooperation in order for the citizens, especially the youths who will be future leaders, to improve thier knowledge and way of thinking and for the country to stand tall in the international community.



Vice-Senior General Soe Win presents award to a winner.



Vice-Senior General Soe Win presents award to a winner.

The achievements of those from the literary, movie, music and Thabin worlds will contribute much towards the successful realization of the three social objectives: **to ensure a strong and dynamic Union spirit, the genuine spirit of patriotism; to respect and promote the customs and traditions of all National peoples and preserve and safeguard their cultural heritage and national characteristics; and to enhance the health, fitness and education quality of the entire nation**.

In this age of education, it is seen that human being's knowledge improvement and good attitude has become important at a time materials are developed in all sectors from time to time. Knowledge is the most valuable thing for people. As ancient men of wisdom in successive eras said that knowledge could be gained from experience and literature, everybody should read. Prominent people in the world have mentioned the same word that they read. Everyone could not know all of anything and any work with their personal experience. Adequate knowledge and smartness will be gained only through reading books in which knowing and thinking of many people is integrated.

As a wording that nation's strength lies within, the people's stands such as solidarity, thinking and opinion of national races and all citizens are important. It is definitely sure that our nation will be peaceful and developed through literary experts' contribution to improvement of people's knowledge and uplift of spirit.

Literary and journalism experts are advised that it is necessary to give priority to the interest of the State and all the entire national people without benefiting a group of people or an organization in carrying out their tasks of writing about literature, journalism and media.

Today's occasion is to recognize and honour efforts of the people who are dutiful in literary duties for the State with a good attitude and intention based on their hobby. We all are pleased along with the writers and wish them more contribution to the interest of the State and the people with their skill of writing.

Throughout Myanmar's history, Myanmar literati day or Sarsodaw Day has been held to honour Myanmar laureates including monks and civilians who made contributions to the interest of the State. The tradition of holding Myanmar literati day and presenting literary awards are to be preserved by veteran literary experts continuously. The veteran literary experts are urged to nurture a new generation of writers who maintain writers' maxim, reflect and compose the age and promote the nation's image.

I am especially grateful to officials, literary award winners and veteran literary experts, especially the chairman of the literary awards selection committee and all the members who gave time and made efforts to successfully present such literary awards. All are requested to work together in promoting the Myanmar literary world and building the nation.

Afterwards, the Senior General presented prizes to winners of National Lifetime Award for Literary Achievement, U Kyaw Zin Nyunt (Tekkatho Myat Thu), U Ohn Maung (Myinmu Maung Naing Moe), Dr Myo Thant Tin and the daughter of Dr. Daw Tin Win (Dr. Ma Tin Win-University of Education) on her mother behalf.

Next, the Vice-Senior General presented prizes to Min Khaik Soe San, winner of national literary award for short stories, Soe Tint (Ayeyawady), essay award winner, Shweku Nang Nwe Nwe, winner of literary award for Myanmar culture and fine arts, Akyeekoko (Katha), winner of youth literary award, and Thet Swe , winner of literary award for translation (knowledge).

Then, Joint Secretary of the Council Lt-Gen Ye Win Oo, members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Moe Myint Tun, Mahn Nyein Maung, Daw Aye Nu Sein and Union Minister for Information U Maung Maung Ohn presented prizes to winners of National Literary Awards and Sarpay Beikman Manuscript Awards.



Lunch being hosted in honour of the ceremony.

U Kyaw Zin Nyunt (Tekkatho Myat Thu), winner of National Lifetime Award for Literary Achievement, expressed words of thanks for the prizes.

MRTV presented a performance by singing a song in honor of literature and then the Senior General had a record photo taken together with the literary award winners for 2021.

After the ceremony, the Senior General and party had lunch along with the literary award winners, artists and literary experts.

After the lunch, the Senior General presented souvenir photos to four winners of the National Lifetime Award for Literary Achievement and cordially greeted them. 100

# SAC Chairman Prime Minister Senior General Min Aung Hlaing feeds white elephants including four-month-old Rattha Nandaka, companion elephants



Senior General Min Aung Hlaing and wife feed a white elephant.

**Nay Pyi Taw November 23**

Rattha Nandaka white elephant, born to female elephant Zar Nan Hla of the compound of Myanma Timber Enterprise in Taungup Township of Rakhine State at 6.30 am on 23 July 2022, turned four months today.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, accompanied by the council secretary, the joint secretary, council members and senior military officers, fed white elephants including Rattha Nandaka white elephant and companion elephants at the white elephant shed in the precinct of Nay Pyi Taw Uppatasanti Pagoda this morning.

The Senior General, wife and party were welcomed by Union Minister for Natural Resources and Environmental Conservation U Khin Maung Yi and party. The Senior General and wife gave feedstuffs to Rattha Nandaka white elephant **(the precious white elephant beloved by the country which will bring prosperoty and happiness to the nation)** Yadana white elephants **Baddawady, Nandawady, Ngwe Saddan, Haymawady, Zatakalya and Thirimalar** and other companion elephants.

The Senior General asked after health conditions of Rattha Nandaka white elephant and body growth and presented cash assistance for feeding the white elephants and companion elephants from the white elephant shed.

In its birth, Rattha Nandaka white elephant **(the precious white elephant beloved by the country which will bring prosperoty and happiness to the nation)**, the white elephant was two feet and five inches in height, three feet and one inch in girth, with weight of about 180 pounds. The white elephants consist of seven out of eight unique features: pearl-coloured eyes, plantain branch-shaped back, white hair, a distinctive tail, auspicious plot signs on the skin, pinky skin, each limb having five claws and big ears. Now is four months old of the white elephant which is two feet and 11 inches in height and four feet and five inches in girth with 288 pounds of weight. At present, the white elephant lives happily and healthily together with the mother elephant at the Yadana white elephant shed in the precinct of Nay Pyi Taw Uppatasanti Pagoda.

100



Senior General Min Aung Hlaing and wife feed Rattha Nandaka white elephant.

# US Walmart shooting: Employee kills six at Virginia supermarket

**Virginia November 23**

An employee at a Walmart supermarket in the US state of Virginia has shot dead six people and injured four others, police say.

Officers were called to the scene after the gunman, who has not been named, opened fire on colleagues at the branch in Chesapeake.

He later turned the gun on himself and died of a self-inflicted gunshot wound.

The motive is still unknown. Police are not searching for anyone else in connection with the attack.

The first emergency call was made at 22:12 local time on Tuesday (03:12 GMT Wednesday) and officers arrived at the supermarket within two minutes.

They entered the building shortly after, and the scene was declared safe an hour later once it had been cleared and all the victims had been located.

Processing the crime scene would likely take several days, Police Chief Mark Solesky told a news conference on Wednesday, adding that the investigation was being carried out with the help of the FBI.

He did not identify the attacker, saying their family had not yet been informed.

An eyewitness - who was wearing a Walmart uniform - described what happened in footage that circulated on social media shortly after the attack.

He said he had left a staff room, which a colleague then entered before quickly opening fire. "Sadly we lost a few of our associates," he said.

One woman told WAVY-TV that her brother, a 20-year-old employee, was shot and wounded just 10 minutes after signing on for work. BBC

# Strong earthquake rocks western Turkey near Duzce

**Istanbul November 23**

A magnitude 5.9 earthquake has struck an area of western Turkey near the town of Duzce, about 210km (130 miles) east of Turkey's largest city Istanbul.

The tremors were strong enough to be felt in Istanbul and the capital Ankara. At least 50 people were injured, officials said.

Estimates of the quake's depth vary from 2km to 10km.

Power was disrupted in the region, and one resident was injured after jumping from their balcony.

Another 4.7 quake was reported some 20 minutes after the first.

Turkish Interior Minister Suleyman Soylu told broadcaster TRT Haber there was no severe damage caused by the quake, "only some barns were wrecked in these places".

Authorities are working to restore power to the area.

Turkey's disaster agency said 37 had been injured in Duzce, one in Istanbul, six in Zonguldak and one in Sakarya on the Black Sea coast, and one in Bolu, to the southeast.

Photos from Duzce at night show many people huddled outdoors, wrapped in blankets and using make-shift fires to keep warm.

Security camera footage of the earthquake has been posted on social media.

The Duzce court house was among the eight buildings damaged in the area.

Duzce resident, Fatma Colak told AFP she woke to a "big noise and tremor".

"We got out of our homes in panic and now we are waiting outside," she said.

Duzce was hit by a major 7.2 magnitude earthquake in 1999 which left at least 845 people dead.

It followed an even larger quake months earlier in the city of Izmit, 100km to the west, which killed more than 17,000 and left buildings in the region in a weakened state. BBC

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers speech at Work Coordination Meeting (5/2022) of Anti-illegal Trade Steering Committee



Vice-Senior General Soe Win addresses the work coordination meeting.

**Nay Pyi Taw November 23**
Work Coordination Meeting (5/2022) of the Anti-illegal Trade Steering Committee was held at the meeting hall of the Ministry of Commerce in Nay Pyi Taw this afternoon and Chairman of the steering committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered a speech at the meeting.

Also present at the meeting were Vice Chairman of the steering committee Union Minister for Planning and Finance U Win Shein, members of the steering committee Union Minister for Commerce U Aung Naing Oo, deputy ministers for defence and commerce and officials while chairmen of state and region anti-illegal trade special committees joined the meeting via video conferencing.

First, the Vice-Senior General delivered a speech, saying it can be seen that departments that are involved in the Anti-illegal Trade Special Committee and One Stop Service were able to carry out anti-illegal trade activities more effectively during the nine-month period after the steering committee was restructured. It was also found that anti-illegal trade activities were carried out more effectively and quickly thanks to co-operation of organizations and departments that are involved in the activities.

Special emphasis must be placed on communication and cooperation of anti-illegal trade teams along illegal trading routes including bypass routes where illegal goods are smuggled into and out through various means in areas adjacent to each other.

During a meeting between the Prime Minister and the Union of Myanmar Federation of Chambers of Commerce and Industry and entrepreneurs for MSMEs in Yangon Region, entrepreneurs reported that it was necessary to take effective action against illegal trade activities to boost domestic production. As products of local MSME entrepreneurs cannot compete with goods smuggled into the country without paying taxes in terms of prices, it was difficult for them to survive long and they reported the issue to the Prime Minister. Therefore, efforts must be made to effectively combat illegal trade that poses threat to the survival of MSME entrepreneurs and hinder the economic development of the country on the other hand.

A total of 3,095 illegal trade cases were exposed and about MMK 45.6 billion worth of goods were seized during the nine-month period from January to September, 2022. As altogether 1,558 illegal trade cases were busted and goods worth MMK 6.626 billion were confiscated during the same period last year, authorities were able to expose 1,537 more illegal trade cases and seize more goods worth MMK 38.974 billion than the previous year. In terms of seizures in states and regions, the biggest seizures were made in Mandalay Region in August and October and in Kayin State in September.

It is important for special teams to search for illegal ammonium nitrate effectively from the security perspective while taking measures for allowing transporting agricultural inputs legally imported to the hands of farmers without any hindrance in a timely manner. It was also found that not only smuggled goods but also narcotic drugs, explosives, weapons and accessories in combating illegal trade. Therefore, it is necessary for anti-illegal trade teams and relevant departments to place emphasis on smuggling of illegal arms and ammunition and explosives during search operations.

The government is taking systematic measures for sufficiency of edible oil and price stability in the country but illegal edible oil was smuggled into the country without paying taxes. Therefore, special teams are required to expose smuggling of illegal edible oil effectively during search operations.

Among the many root causes for the boom of illegal trade, some illegal goods escaped because they were hidden and bypass roads were used but some personnel allowed illegal goods to pass through checkpoints by taking bribes. Therefore, personnel are urged to perform duties loyally. It can be seen that the country has been enjoying customs privileges which are not available for other countries under regional customs privilege schemes. Such privileges are given only to products from the country. Therefore, it is important to respect international rules and regulations and commitments and not to undermine the trust in the country maintained by other countries.

Although it is impossible to eliminate illegal trade at present, efforts must be accelerated to prevent and expose illegal trade activities through available means. Measures must be taken to speed up efforts to pay appropriate recognition in the form of cash rewards to personnel who perform their duties responsibly and members of the public who provide information about illegal trade more quickly in accordance with rules and regulations.

Then, Secretary of the steering committee Deputy Minister U Nyunt Aung reported on implementation of decisions made during the meeting (4/2022) and tasks of the steering committee.

Afterwards, leader of the steering committee office working group Deputy Director General U Aung Thwin Oo, Director General of the Customs Department U Thein Swe, Director General U Myint Thuya of the Directorate of Trade, Director General Dr Khin Zaw of the Department of Food and Drug Administration, chairmen of anti-illegal trade special committees from Bago Region and Kayin State, Director General U Han Win Aung of the Central Equipment Statistics and Inspection Department and Managing Director U Thura Aung Myo Myint reported on tasks of the Meeting (5/2022) of the steering committee.

Then, Vice Chairman of the steering committee Union Minister for Planning and Finance U Win Shein and members Union Minister for Commerce U Aung Naing Oo, the deputy minister for defence and participants reported on anti-illegal trade activities of the relevant sector.

Afterwards, the leader of the steering committee office working group read out the draft decisions of the meeting.

Then, the Vice-Senior General coordinated the reported tasks and delivered concluding remarks. 100



အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

**နိုင်ငံတော်အစိုးရ အဆက်ဆက်တို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် စာပေအနုပညာ ယဉ်ကျေးမှုနယ်ပယ်မှစာပေနှင့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှောက်ခဲ့ကြ**ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ၂၀၂၂ ခုနှစ် မတ်လတွင် စာပေနှင့် အနုပညာနယ်ပယ်က ထူးချွန်သူ ၂၅ ဦး၊ ၂၀၂၂ ခုနှစ် ဧပြီလမှာ ရှစ်ဦးနှင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှာ ကျရောက်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့တွင် ခုနစ်ဦးတို့ကို အလင်္ကာကျော်စွာဘွဲ့များချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ အလင်္ကာကျော်စွာဘွဲ့ကို စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများကို ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရအပြီး ပါလီမန်ခေတ်ကစ၍ ယနေ့ မျက်မှောက်ခေတ်ကာလထိ အလင်္ကာကျော်စွာဘွဲ့ရရှိသူပေါင်း ၆၄ ဦး ရှိပြီဖြစ်ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များထဲတွင် စာပေပညာရှင်များအဖြစ် တစ်သက်တာစာပေဆုရ ဆရာကြီး၊ ဆရာမကြီး ၁၉ ဦးလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ချီးမြှင့်သင့် ချီးမြှင့်ထိုက်သူများကို စဉ်ဆက်မပြတ် ချီးမြှင့်သွားမည်လည်းဖြစ်ပါကြောင်း။

ထို့ပြင် စာပေအနုပညာနယ်ပယ်၌ ခေတ်အဆက်ဆက်က မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေအနုပညာရှင် စာရေးဆရာတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ အစိုးရလက်ထက်တွင်လည်း အနုပညာနယ်ပယ်အသီးသီးရှိ အနုပညာဖန်တီးမှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် **"အနုပညာဗဟိုဌာန အဆောက်အအုံ (Art Centre)"** များနှင့် စာပေလောကသားများ စုစည်းဆောင်ရွက်စေရန်နှင့် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရရှင်သန်စေရန်အတွက် **"စာဆိုဗိမာန်"**ကိုလည်းတည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယခုအခါမိမိတို့နိုင်ငံတွင် ပြည်သူလူထု၏ဆန္ဒဖြစ်သည့် **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်"** ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို အရှိန်အဟုန်ဖြင့်ချီတက်နေသည့်အချိန် ဖြစ်ပါကြောင်း၊ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်ရန်အတွက် မိမိတို့နိုင်ငံသားများ၏ အထူးသဖြင့် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များဖြစ်ကြမည့် လူငယ်များ၏ အတွေးအခေါ်၊ အသိပညာတိုးတက်ဖွံ့ဖြိုးအောင် ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတကာ အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန် မီဒီယာများ ပေါင်းစည်းဆောင်ရွက်မှုကဏ္ဍ ဖွံ့ဖြိုးရန်လည်း လိုအပ်ပါကြောင်း။

လူမှုရေးဦးတည်ချက် သုံးရပ်ဖြစ်သည့် **"စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး"၊ "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု ရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"၊ "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** စသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရန်မှာ စာပေပညာရှင်ကြီးများအပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် အနုပညာရှင်အသီးသီး၏ စစ်မှန်ကောင်းမွန်သည့် စွမ်းဆောင်မှုများက များစွာထိရောက်အောင်မြင်စေမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

ယနေ့ကဲ့သို့ ပညာခေတ်တွင် ရုပ်ဝတ္ထုများ ဘက်ပေါင်းစုံက အချိန်နှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်နှင့်အညီ အဆိုပါ ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် မိမိတို့လူသားများ၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကိုတွေ့ရပါကြောင်း၊ **လူများတွင် အဖိုးတန်ဆုံးသော အရာသည် အသိပညာပင်ဖြစ်**ပါကြောင်း၊ **အသိပညာကို အတွေ့အကြုံနှင့် စာပေက ရနိုင်သည့်အတွက် လူတိုင်းစာဖတ်သင့်**ကြောင်း **ရှေးအဆက်ဆက်ပညာရှိများက မှာကြားခဲ့သကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အားလုံးတို့၏ တူညီသောမြွက်ဟမှုသည်လည်း "စာဖတ်တယ်" ဆိုသည့်စကားပင်ဖြစ်**ပါကြောင်း၊ **လူတိုင်းသည် ကိုယ်တွေ့ဖြင့်သာမည်သည့် အလုပ်၊ မည်သည့်အကြောင်းအရာကိုမျှ ကျွန်းစင်အောင်မသိနိုင်**ပါကြောင်း၊ **နှစ်ပေါင်းများစွာကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိများ၊ အတွေးများကိုရေးသားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာအလိမ္မာကို ရရှိစေမည်ဖြစ်**ပါကြောင်း။

တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်စကားအတိုင်း နိုင်ငံကောင်းရာကောင်းကျိုးအတွက် တိုင်းရင်းသားလုပ်သားပြည်သူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆ စသည့် ပြည်သူများ၏ရပ်တည်လုပ်ဆောင်မှုကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများ အားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံကြီးသည် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

စာပေပညာရှင်ကြီးများ၊ သတင်းစာပညာရှင်ကြီးများအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် စာပေရေးသားခြင်းလုပ်ငန်းများ၊ သတင်းစာပညာရပ်များနှင့် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်စေဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်အကျိုးကို ဦးတည်ဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့အခမ်းအနားသည် မိမိတို့၏ ဝါသနာကိုအခြေခံပြီး စိတ်ကောင်းစေတနာထပ်ဆင့်လောင်းကာ နိုင်ငံအတွက် စာပေတာဝန်များကိုကျေပွန်စွာကြိုးစားထမ်းဆောင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုသည့် အခမ်းအနားဖြစ်သဖြင့် မိမိတို့အားလုံးသည် ဆုချီးမြှင့်ခံကြရသည့် စာရေးဆရာကြီးများနည်းတူ ကြည်နူးဝမ်းသာဖြစ်ကြရပါကြောင်း၊ နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် ကလောင်စွမ်းနှင့် ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆိုများအပါအဝင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြုပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများ ချီးမြှင့်ပေးသည့်ဓလေ့ကို ဝါရင့်စာပေပညာရှင်တို့က ဆက်လက်သယ်ဆောင်ထိန်းသိမ်းကြပြီး **"စာရေးဆရာနိတိ"**ကို စောင့်ထိန်းကြသည့်၊ ခေတ်ကိုထင်ဟပ်ဖွဲ့ဆိုကြသည့်၊ နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်နိုင်ကြသည့် မျိုးဆက်သစ်စာရေးဆရာများ၊ ကလောင်သစ်များတိုးပွားလာစေရေး ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ယနေ့အခမ်းအနားကို တက်ရောက်အားပေးကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေဆုရရှိသူများ၊ စာပေပညာရှင်ကြီးများ၊ အထူးသဖြင့် ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာချီးမြှင့်နိုင်စေရန် အချိန်ကုန်၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် စာပေဆုရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ စာပေပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)၊ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒေါက်တာမျိုးသန့်တင်နှင့် ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း-ပညာရေးတက္ကသိုလ်) ကိုယ်စား သမီးဖြစ်သူတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမျိုးသားစာပေဆုရရှိကြသည့် ဝတ္ထုတိုဆုရှင် မင်းခိုက်စိုးစန်၊ စာပဒေသာဆုရှင် စိုးတင့် (ရောဝတီ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုရှင် ရွှေကူနန်းနွဲ့နွဲ့၊ လူငယ်စာပေဆုရှင် အကြီးကိုကို(ကသာ) နှင့် ဘာသာပြန်(သုတ)ဆုရှင် သက်ဆွေတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စာပေဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။


နေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် ဆရာကြီးနှင့် ဆရာမကြီး လေးဦးတို့အား အမှတ်တရ စုပေါင်းဓာတ်ပုံများကိုပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယနေ့တွင် အသက် လေးလပြည့်မြောက်သည့် "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေးနှင့် မိခင်ဆင်မကြီး ဇာနန်းလှတို့ကို အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေးနှင့် မိခင်ဆင်မကြီး ဇာနန်းလှတို့ကို အစာအာဟာရများ ကျွေးမွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ အခြားရတနာဆင်ဖြူတော်များကို အစာအာဟာရများ ကျွေးမွေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန်နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့သည့် **"ရဋ္ဌနန္ဒက"** ရတနာဆင်ဖြူတော်လေးသည် ယနေ့တွင် အသက် လေးလ တင်းတင်းပြည့်မြောက်ခဲ့သည်။

အဆိုပါ **"ရဋ္ဌနန္ဒက"** ရတနာဆင်ဖြူတော်လေးအပါအဝင် အခြားဆင်ဖြူတော်များနှင့် အဖော်ဆင်များကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် အစာအာဟာရများ သွားရောက်ကျွေးမွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ရတနာဆင်ဖြူတော်လေးနှင့် မိခင်ဆင်မကြီး ဇာနန်းလှ၊ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ အခြားရတနာဆင်ဖြူတော်များဖြစ်ကြသည့် **"ဘဒ္ဒဝတီ"၊ "နန္ဒဝတီ"၊ "ငွေဆဒ္ဒန်"၊ "ဟေမဝတီ"၊ "ဓာတကလျာ"၊ "သီရိမာလာ"** နှင့်အဖော်ဆင်များကို အစာအာဟာရများကျွေးမွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် **"ရဋ္ဌနန္ဒက"** ဆင်ဖြူတော်လေး၏ ကျန်းမာရေးအခြေအနေများ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို မေးမြန်းခဲ့ပြီး ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ဆင်ဖြူတော်များနှင့် အဖော်ဆင်များအတွက် အစာအာဟာရကျွေးမွေးရန် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

အဆိုပါ ရတနာဆင်ဖြူတော်လေး **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** မှာ မွေးဖွားစတွင် အရပ်အမြင့် ၂ပေ ၅လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိကြောင်း၊ ရတနာဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်ကြောင်း၊ အထက်ပါ ဆင်ဖြူတော်လေးမှာ ယခုအသက် လေးလ ပြည့်မြောက်သည့်အချိန်တွင် အရပ်အမြင့် ၂ ပေ ၁၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၄ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၂၈၈ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ အခြားရတနာဆင်ဖြူတော်များကို အစာအာဟာရများ ကျွေးမွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၅/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းပြီး ကိုးလကျော်ကာလအတွင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့နှင့် OSS(One Stop Service) အဖွဲ့ဝင်ဌာနများသည် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ယခင်ကထက် ပိုမိုထိထိရောက်ရောက် အကောင်အထည်ဖော်လာနိုင်သည်ကိုတွေ့ရကြောင်း၊ ထိုသို့အကောင်အထည်ဖော်နိုင်ရန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ပါဝင်သည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပိုမိုလျင်မြန်ထိရောက်လာသည်ကို တွေ့ရကြောင်း။

အထူးအလေးထားမှာကြားလိုသည်မှာ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဒေသအတွင်း ရှောင်ကွင်းလမ်းများအပါအဝင် နည်းလမ်းစုံအသုံးပြု ရှောင်ကွင်းသွားသည့် တရားမဝင်ကုန်သွယ်မှုများကို လမ်းကြောင်းတစ်လျှောက် မိမိဒေသနှင့် ထိစပ်နေသည့် ဘေးနံတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များထံ ချိတ်ဆက်သတင်းပေးပို့ တားဆီးစစ်ဆေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြည်တွင်းထုတ်ကုန် တိုးတက်ရေးအတွက် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်သည်ကို လုပ်ငန်းရှင်များက တင်ပြခဲ့ကြကြောင်း၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ပမှ အကောက်ခွန်မဲ့ ဝင်ရောက်လာသည့် ကုန်စည်များနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့်အခြေအနေကို တင်ပြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ရှင်သန်ရပ်တည်မှုကို ဖျက်ဆီးနေသည့် တစ်နည်းအားဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးကာ ဟန့်တားတိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၂ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလထိ ကိုးလအတွင်း ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၃၀၉၅ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၅၅ ဒသမ ၆ ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၅၅၈ မှုနှင့် ခန့်မှန်းတန်ဖိုးသည် ကျပ် ၆ ဒသမ ၆၂၆ ဘီလီယံဖြစ်သည့်အတွက် ကာလတူတွင် အမှုတွဲ ၁၅၃၇ မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် ၃၈ ဒသမ ၉၇၄ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရမိမှုကို ကြည့်မည်ဆိုပါက ဩဂုတ်လနှင့် အောက်တိုဘာလအတွင်း မန္တလေးတိုင်းဒေသကြီးက ဖမ်းဆီးရမိမှုအများဆုံးဖြစ်ပြီး စက်တင်ဘာလအတွင်းတွင် ကရင်ပြည်နယ်က ဖမ်းဆီးရမိမှုအများဆုံးဖြစ်ကြောင်း။

အထူးအဖွဲ့များအနေဖြင့် တရားမဝင်တင်သွင်းလာသည့် အမိုနီယမ်နိုက်ထရိတ်များကို လုံခြုံရေးအသိဖြင့် ဖိဖိစီးစီးစစ်ဆေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း စိုက်ပျိုးသူ တောင်သူများလက်သို့ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီ တရားဝင် အတားအဆီးမရှိရောက်ရှိရေး၊ အတားအဆီးမဖြစ်စေရေး စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတားဆီးရာတွင် တရားမဝင်ကုန်စည်များကိုသာမက မူးယစ်ဆေးဝါး၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများကိုလည်း ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် ဌာနဆိုင်ရာများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကိုစစ်ဆေးရာတွင် တရားမဝင် လက်နက်ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ခိုးဝှက်သယ်ဆောင်ခြင်းမရှိစေရေး အလေးထားစစ်ဆေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း အရည်အသွေးပြည့်မီသည့် စားသုံးဆီဖူလုံစေရေး၊ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေချိန် အကောက်ခွန်မဲ့ တရားမဝင်စားသုံးဆီများ တင်သွင်းသယ်ဆောင်မှုများ ရှိနေကြောင်း၊ ထို့ကြောင့် အထူးအဖွဲ့များအနေဖြင့် တရားမဝင်စားသုံးဆီ တင်သွင်းမှုများကိုလည်း ထိထိရောက်ရောက် စစ်ဆေးတားဆီး ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ရှင်သန်ကြီးထွားနေသည့် အကြောင်းခြင်းရာများစွာရှိသည့်အနက် သို့ဝှက်ရှောင်ကွင်း သယ်ဆောင်မှုများကြောင့် လွတ်သွားခြင်းများရှိသကဲ့သို့ ဝန်ထမ်းအချို့၏ ငွေကြေးရယူခွင့်ပြုမှုများကြောင့် တားဆီးနိုင်မှုမရှိခြင်းများလည်းရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဒေသဆိုင်ရာ အကောက်ခွန်သက်သာခွင့် အစီအစဉ်များအရ အခြားနိုင်ငံများတွင် မရရှိနိုင်သည့် အကောက်ခွန်သက်သာခွင့်မျိုး မိမိတို့နိုင်ငံက ရရှိထားသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံထွက်ကုန်စည်များကိုသာ သီးခြားကင်းလွတ်သက်သာခွင့်များ ပေးထားကြောင်း၊ နိုင်ငံတကာစည်းမျဉ်းစည်းကမ်း၊ ကတိကဝတ်များကို လေးစားလိုက်နာမှုနှင့် မိမိတို့နိုင်ငံအပေါ် အခြားနိုင်ငံများ၏ ယုံကြည်မှုကိုပါ မထိခိုက်စေရေး ဆောင်ရွက်ရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုကို လုံးဝပပျောက်အောင်ဆောင်ရွက်ရန် ယခုအချိန်ကာလထိ မဖြစ်နိုင်သေးသော်လည်း ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ကာကွယ်တားဆီးဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်စည်များ တားဆီးဖမ်းဆီးရေးတွင် တာဝန်ကျေပွန်စွာ ပါဝင်ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိစိတ်ဖြင့် သတင်းအချက်အလက်များပေးပို့သော ပြည်သူများကိုလည်း ထိုက်သင့်သည့် အသိအမှတ်ပြုမှု၊ ချီးမြှင့်မှုအနေဖြင့် ဆုကြေးငွေခွဲဝေပေးခြင်းကိုလည်း သတ်မှတ်ချက်နှင့်အညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ (၄/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရအောင်မျိုးမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂) အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂) ဆုံးဖြတ်ချက်(မူကြမ်း)ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၈/ ၂၀၂၂**
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကိုစွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**မဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးကျော်ငြိမ်း | ဒုတိယဝန်ကြီးချုပ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ခင်မောင်ကလေး | ဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန |
| ၂။ | ဦးခင်မောင်လတ် | ဝန်ကြီး | တရားရေးဌာန |
| ၃။ | ဦးမောင်ကျော်ဇံ | ဝန်ကြီး | တရားရေးဌာန |
| ၄။ | ဦးအုန်း | ဝန်ကြီး | ကုန်သွယ်ရောင်းဝယ်ရေးနှင့်ထောက်ပံ့ရေးဌာန |
| ၅။ | ဗိုလ်ဘိုးကွန်း | ဝန်ကြီး | ပညာရေး၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်လည်ထူထောင်ရေးဌာန |
| ၆။ | ဦးသန်းအောင် | ဝန်ကြီး | ပညာရေးဌာန၊ ဒုက္ခသည်များနှင့်ကယ်ဆယ်ရေးဌာန |
| ၇။ | ဦးဘစော | ဝန်ကြီး | သာသနာရေး၊ လူမှုဝန်ထမ်းနှင့်လူထုပညာရေးဌာန |
| ၈။ | ဦးကာ | ဝန်ကြီး | ပညာရေးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာနနှင့်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာန |
| ၉။ | ဦးထွန်းဖေ | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၀။ | ဦးညိုထွန်း | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၁။ | သခင်ချစ်မောင် | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၂။ | ဦးကျော်မြင့် | ဝန်ကြီး | သတ္တုတွင်းနှင့်စက်မှုလက်မှုဌာန |
| ၁၃။ | ဦးရာရှစ်(ခ)မစ္စတာအမ် (မ)အေရာရှစ် | ဝန်ကြီး | အိမ်ရာဆောက်လုပ်ရေးနှင့် အလုပ်သမားဌာန၊ သတ္တုတွင်းဌာန |
| ၁၄။ | ဗိုလ်ခင်မောင် | ဝန်ကြီး | စက်မှုလက်မှုဌာန |
| ၁၅။ | သခင်လွင် | ဝန်ကြီး | အလုပ်သမားဌာန |
| ၁၆။ | ဒေါက်တာစိန်ဘန်း | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၇။ | သခင်သာခင် | ဝန်ကြီး | ပြည်ထဲရေးဌာန |
| ၁၈။ | သခင်ကျော်ထွန်း | ဝန်ကြီး | လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဌာန၊ ပြည်သူ့ရိက္ခာ ထောက်ပံ့ရေးနှင့် သမဝါယမဌာန |
| ၁၉။ | သခင်စံမြင့် | ဝန်ကြီး | လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာန |
| ၂၀။ | ဦးထွန်းဝင်း | ဝန်ကြီး | သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဌာန |
| ၂၁။ | ဦးဝင်းမောင် | ဝန်ကြီး | ဆိပ်ကမ်း၊ ရေကြောင်း၊ လေကြောင်းနှင့် ကမ်းရိုးတန်းဆက်သွယ်ရေးဌာန |
| ၂၂။ | ဦးရွှေကြိုင် | ဝန်ကြီး | ပြန်လည်ထူထောင်ရေးဌာန |
| ၂၃။ | သခင်ပန်းမြိုင် | ဝန်ကြီး | ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဌာန |
| ၂၄။ | ဦးထွန်းမြင့် | ဝန်ကြီး | ဌာနလက်ကိုင်မရှိ |
| ၂၅။ | ဗိုလ်စိန်မှန် | ဝန်ကြီး | ဌာနလက်ကိုင်မရှိ |
| ၂၆။ | ဦးဆန်ခိုလျှံ | ဥက္ကဋ္ဌ | ချင်းရေးရာဦးစီးအဖွဲ့ |
| ၂၇။ | စောစံဖိုးသင် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အစိုးရ ကရင်ရေးရာဝန်ကြီး |
| ၂၈။ | မန်းဘဆိုင် | | ကရင်ရေးရာဝန်ကြီး |
| ၂၉။ | ဦးထန်လျန်း | | ချင်းရေးရာဝန်ကြီး |
| ၃၀။ | ဦးနိုင်အောင်ထွန်း | | မွန်ရေးရာဝန်ကြီး |
| ၃၁။ | ဦးဘမြိုင် | | ရခိုင်ရေးရာဝန်ကြီး |
| ၃၂။ | ဦးအောင်ဇံဝေ | | လူနည်းစုဌာနဝန်ကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၂၀/ ၂၀၂၂**
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၁၂၄၇ | ဗိုလ်မှူး | ဝင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ၈၆၅၂၆၉ | တပ်ကြပ်ကြီး | မျိုးမင်းအောင်၏ဇနီး ဒေါ်စန်းမြင့်လေး | အမှတ်(၃၃၆)ခြေမြန်တပ်ရင်း |
| ၂။ | ၈၇၉၇၆၆ | တပ်ကြပ်ကြီး | အောင်ကျော်ဝင်း၏ဇနီး ဒေါ်သန်းသန်းစိုး | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |
| ၃။ | ၈၅၂၉၁၄ | တပ်ကြပ် | သိန်းဟန်၏ဇနီး ဒေါ်ခင်နွဲ့ | အမှတ်(၃၃၆)ခြေမြန်တပ်ရင်း |
| ၄။ | တ-၂၄၀၁၄၄ | တပ်ကြပ် | ဝေယံမြင့်သူ၏ဇနီး ဒေါ်အိခိုင်အောင် | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |
| ၅။ | တ-၄၃၂၈၇၂ | ဒုတိယတပ်ကြပ် | ကြည်ရွှေ၏ဇနီး ဒေါ်သဲသဲကျော် | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |
| ၆။ | တတ-၁၂၆၂၅၂ | တပ်သား | ဝေလင်းထက်၏ဇနီး ဒေါ်ဖြိုးဖြိုးဝေ | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |

| | | |
|---|---|---|
| ၇။ | ဦးညီဇော်ရှိန်း | ကချင်ပြည်နယ် |
| ၈။ | ဦးဇီဆီး | ကချင်ပြည်နယ် |
| ၉။ | ဦးဖိုးမင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးပြည့်စုံဖြိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးပြည့်စုံအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးလင်းအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃။ | ဦးခေတ်ပို | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄။ | ဦးပြည့်ဖြိုးအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၅။ | ဦးအောင်ကျော်ဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆။ | ဦးဘိုမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဦးစံထွန်းမောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | ဦးပြည့်ဖြိုးဇော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းသူကျော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၀။ | ဦးသိန်းလွင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၁။ | ဦးတင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂။ | ဦးရဲရင့် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးတင်ကိုဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးစိုးမင်းထွေး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးစိုးစိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးဟိန်းဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးသန်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးသက်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးသန်းတိုးအောင် | စစ်ကိုင်းတိုင်းဒေသကြီး |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**
**နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၂၄၀၂ | ဒုတိယဗိုလ်မှူးကြီး | တင့်လွင် | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၈၄၅၆ | ဗိုလ်ကြီး | မင်းထင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ကြည်း ၅၇၃၈၀ | ဗိုလ်ကြီး | အေးမင်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၂၁/ ၂၀၂၂**
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စာပေနှင့် အနုပညာနယ်ပယ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**
**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး) | စာရေးဆရာ |
| ၂။ | ဦးအုံမောင် (အုံ့မောင်) | စာရေးဆရာ |
| ၃။ | ဦးညွန့်မောင် (မောင်မောင်ညွန့်- မန်းတက္ကသိုလ်) | စာရေးဆရာ |
| ၄။ | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) | စာရေးဆရာ |
| ၅။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း) (တင်သန်းဦး) | စာရေးဆရာ၊ ဒါရိုက်တာ |
| ၆။ | ဦးသိန်းထွန်း(PEPSI) | မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သူ (ထွန်းဖောင်ဒေးရှင်း) |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့ များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၉ / ၂၀၂၂**
၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁ ရက်
(၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးခင်ဇာမုံ | နိုင်ငံတော်ကောင်စီဝင် |
| ၂။ | ဦးစိုးလှိုင် | နိုင်ငံတော်ကောင်စီဝင် |
| ၃။ | ဦးစပ်အုံးညာ | နိုင်ငံတော်ကောင်စီဝင် |
| ၄။ | ဦးတင်သိန်း | နိုင်ငံတော်ကောင်စီဝင် |
| ၅။ | ဦးထွန်းမြင့်(လင်းခေး) | နိုင်ငံတော်ကောင်စီဝင် |
| ၆။ | ဦးဒိန်ရတန် | နိုင်ငံတော်ကောင်စီဝင် |
| ၇။ | ဗိုလ်မှူးကြီးမင်းသိမ်း | နိုင်ငံတော်ကောင်စီဝင် |
| ၈။ | ဒေါက်တာမောင်လွင် | နိုင်ငံတော်ကောင်စီဝင် |
| ၉။ | ဦးမန်းစံမြတ်ရွှေ | နိုင်ငံတော်ကောင်စီဝင် |
| ၁၀။ | ဦးလှထွန်းဖြူ | နိုင်ငံတော်ကောင်စီဝင် |
| ၁၁။ | ဒေါက်တာသိန်းအောင် | နိုင်ငံတော်ကောင်စီဝင် |
| ၁၂။ | သခင်အောင်မင်း | နိုင်ငံတော်ကောင်စီဝင် |
| ၁၃။ | ဦးကျော်စိန် | နိုင်ငံတော်ကောင်စီဝင် |
| ၁၄။ | ဦးစောအုံ | နိုင်ငံတော်ကောင်စီဝင် |
| ၁၅။ | ဦးစံထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၁၆။ | ဦးတင်ဧ(ရှမ်းပြည်) | နိုင်ငံတော်ကောင်စီဝင် |
| ၁၇။ | ဦးထင်ကျော် | နိုင်ငံတော်ကောင်စီဝင် |
| ၁၈။ | ဦးထွန်းမြတ် | နိုင်ငံတော်ကောင်စီဝင် |
| ၁၉။ | ဦးဇန်ကူး | နိုင်ငံတော်ကောင်စီဝင် |
| ၂၀။ | ဦးလဖိုင်ခွန်နောင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၁။ | ဦးလွင်(ပဲခူးတိုင်း) | နိုင်ငံတော်ကောင်စီဝင် |
| ၂၂။ | ဦးလွင်(မွန်ပြည်နယ်) | နိုင်ငံတော်ကောင်စီဝင် |
| ၂၃။ | ဦးသာကျော် | နိုင်ငံတော်ကောင်စီဝင် |
| ၂၄။ | ဦးသိုင်းသန်းတင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၅။ | ဦးအောင်ဒင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၆။ | သခင် ခင်ဇော် | နိုင်ငံတော်ကောင်စီဝင် |
| ၂၇။ | ဦးခင်အေး | နိုင်ငံတော်ကောင်စီဝင် |
| ၂၈။ | ဦးဇော်ဝင်း | နိုင်ငံတော်ကောင်စီဝင် |
| ၂၉။ | ဦးဖော်ယူခါး | နိုင်ငံတော်ကောင်စီဝင် |
| ၃၀။ | ဦးဘသော် | နိုင်ငံတော်ကောင်စီဝင် |
| ၃၁။ | သူရဦးမင်းသိမ်း | နိုင်ငံတော်ကောင်စီဝင် |
| ၃၂။ | သူရဦးအောင်ဖေ | နိုင်ငံတော်ကောင်စီဝင် |
| ၃၃။ | ဦးချစ်လှိုင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၄။ | ဦးဂျပ်တူး | နိုင်ငံတော်ကောင်စီဝင် |
| ၃၅။ | ဦးစိုး | နိုင်ငံတော်ကောင်စီဝင် |
| ၃၆။ | ဦးစိုင်းအောင်ထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၃၇။ | ဦးစန်းမောင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၈။ | ဦးတင်အောင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၉။ | ဦးထွန်းရင်လော | နိုင်ငံတော်ကောင်စီဝင် |
| ၄၀။ | ဦးဘလှ | နိုင်ငံတော်ကောင်စီဝင် |
| ၄၁။ | ဦးဘူးရယ် | နိုင်ငံတော်ကောင်စီဝင် |
| ၄၂။ | ဦးလှထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၄၃။ | ဦးဝမ်းသူဟာရှိန်း | နိုင်ငံတော်ကောင်စီဝင် |
| ၄၄။ | ဦးအောင်ဆင့် | နိုင်ငံတော်ကောင်စီဝင် |
| ၄၅။ | ဦးအုန်းကြည် | နိုင်ငံတော်ကောင်စီဝင် |
| ၄၆။ | ဗိုလ်မှူးချုပ်စန်ကြည် | နိုင်ငံတော်ကောင်စီဝင် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့ များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ်မြင့်မောင် | ဥက္ကဋ္ဌ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဝန်ကြီး၊နိုင်ငံခြားရေးဌာန |
| ၂။ | ဦးအုံးတင် | ဥက္ကဋ္ဌ | ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ |
| ၃။ | ဦးမြမောင် | ဝန်ကြီး | လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန၊ ယဉ်ကျေးမှုဌာန၊ ပြန်ကြားရေးဌာန |
| ၄။ | ဗိုလ်မှူးချုပ်ခင်အုန်း | ဝန်ကြီး | လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၅။ | ဦးအုန်းကျော် | ဝန်ကြီး | လူမှုဝန်ထမ်းဌာန၊ အလုပ်သမားဌာန |
| ၆။ | ဗိုလ်ချုပ်မြင့်လွင် | ဝန်ကြီး | ဆောက်လုပ်ရေးဌာန |
| ၇။ | ဗိုလ်မှူးကြီးစိန်လွင် | ဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန၊ သမဝါယမဌာန |
| ၈။ | ဦးစိန်ရ | ဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၉။ | ဦးအောင်ကျော်မြင့် | ဝန်ကြီး | ယဉ်ကျေးမှုဌာန၊ ပြန်ကြားရေးဌာန |
| ၁၀။ | ဗိုလ်မှူးကြီးမောင်ချို | ဝန်ကြီး | သတ္တုတွင်းဌာန၊ လျှပ်စစ်ဌာန၊ စွမ်းအင်ဌာန၊ အမှတ်(၂) စက်မှုဌာန |
| ၁၁။ | ဦးလှဘုန်း | ဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၁၂။ | ဦးလေးမောင် | ဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၁၃။ | ဦးရဲခေါင် | ဝန်ကြီး | နိုင်ငံခြားရေးဌာန၊လယ်ယာနှင့် သစ်တောဌာန၊ကုန်သွယ်ရေးဌာန |
| ၁၄။ | ဦးစိန်ထွန်း | ဝန်ကြီး | လျှပ်စစ်ဌာန၊ စွမ်းအင်ဌာန |
| ၁၅။ | ဗိုလ်မှူးချုပ်သန်းညွန့် | ဝန်ကြီး | လယ်ယာနှင့် သစ်တောဌာန |
| ၁၆။ | ဦးချစ်ခင် | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၇။ | ဗိုလ်မှူးကြီးဝင်းမောင် | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၈။ | ဦးထွန်းဝေ | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၉။ | ဒေါက်တာခင်မောင်ဝင်း | ဝန်ကြီး | ပညာရေးဌာန |
| ၂၀။ | ဦးကျော်ငြိမ်း | ဝန်ကြီး | ပညာရေးဌာန |
| ၂၁။ | ဦးစံဝင်း | ဝန်ကြီး | ကုန်သွယ်ရေးဌာန |
| ၂၂။ | ဦးလှအေး | ဝန်ကြီး | ကုန်သွယ်ရေးဌာန၊ စက်မှုဌာန |
| ၂၃။ | ဗိုလ်မှူးကြီးစိန်ထွန်း | ဝန်ကြီး | သမဝါယမဌာန |
| ၂၄။ | ဦးသန်းလှိုင် | ဝန်ကြီး | သမဝါယမဌာန |
| ၂၅။ | ဗိုလ်မှူးကြီးဘိုနီ | ဝန်ကြီး | ပြည်ထဲရေးနှင့် သာသနာရေးဌာန |
| ၂၆။ | ဗိုလ်ချုပ်မင်းဂေါင် | ဝန်ကြီး | ပြည်ထဲရေးနှင့် သာသနာရေးဌာန |
| ၂၇။ | ဦးဂျီဘောမ်ယိန်း | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၂၈။ | ဒုတိယဗိုလ်မှူးကြီး လဘန်လ | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၂၉။ | ဒုတိယဗိုလ်မှူးကြီး အမ်ဇော်ယော် | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၀။ | ဦးကျော်ဒင် | ဥက္ကဋ္ဌ | ကယားပြည်နယ် ပြည်သူ့ကောင်စီ |
| ၃၁။ | ဦးစောဘာနီ | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၂။ | ဦးစောအောင်ပွင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၃။ | ဒုတိယဗိုလ်မှူးကြီး ကပ်ကျုံနွမ်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၄။ | ဒုတိယဗိုလ်မှူးကြီး အိုးကေကင်ငင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၅။ | ဒုတိယဗိုလ်မှူးကြီး ခိုင်မွန်းမန် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၆။ | ဗိုလ်မှူးကြီးဆွန်ခိုဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၇။ | ဗိုလ်မှူးကြီးတင်ညွန့် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ |
| ၃၈။ | ဒုတိယဗိုလ်မှူးကြီး ဘကြည် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ |
| ၃၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၄၀။ | ဒုတိယဗိုလ်မှူးကြီး အောင်သန်း(လေ) | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၄၁။ | ဗိုလ်မှူးကြီးလှရွှေ | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၄၂။ | ဒုတိယဗိုလ်မှူးကြီး ထွန်းကျော် | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၄၃။ | ဗိုလ်မှူးကြီးတင်မြင့် | ဥက္ကဋ္ဌ | မကွေးတိုင်းပြည်သူ့ကောင်စီ |
| ၄၄။ | ဗိုလ်မှူးကြီးမောင်ထူး | ဥက္ကဋ္ဌ | မကွေးတိုင်းပြည်သူ့ကောင်စီ |
| ၄၅။ | ဦးအောင်ထွတ် | ဥက္ကဋ္ဌ | မွန်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၆။ | ဗိုလ်မှူးကြီးအောင်ထွန်း | ဥက္ကဋ္ဌ | မွန်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၇။ | ဦးကျော်မောင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၈။ | ဒုတိယဗိုလ်မှူးကြီး အောင်သိန်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၄၉။ | ဒုတိယဗိုလ်မှူးကြီး ကျော်မြင့် | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၅၀။ | ဗိုလ်မှူးကြီးကျော်သိန်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၅၁။ | ဗိုလ်မှူးကြီးဓိုင် | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းပြည်သူ့ကောင်စီ |
| ၅၂။ | ဗိုလ်မှူးကြီး တင်လှိုင် (လေ) | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းပြည်သူ့ကောင်စီ |

**ဧေယျကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးသာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်း ပြည်သူ့ကောင်စီ |
| ၂။ | ဗိုလ်မှူးကြီးလှဖေ | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၃။ | ဒုတိယဗိုလ်မှူးကြီး မင်းညို | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးအေးကို | ဒုတိယဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန |
| ၂။ | ဒေါက်တာမောင်ရှိန် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန |
| ၃။ | ဦးကျော်မြင့် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန |
| ၄။ | ဦးညွန့်မောင် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန |
| ၅။ | ဦးပေါ်သိမ်း | ဒုတိယဝန်ကြီး | ပြည်ထဲရေး နှင့် သာသနာရေးဌာန |
| ၆။ | ဗိုလ်မှူးကြီးမောင်အုန်း | ဒုတိယဝန်ကြီး | အမှတ်(၁) စက်မှုဌာန |
| ၇။ | ဦးသိန်းမြင့် | ဒုတိယဝန်ကြီး | အမှတ်(၁) စက်မှုဌာန |
| ၈။ | ဦးလှဖေ | ဒုတိယဝန်ကြီး | အမှတ်(၂) စက်မှုဌာန |
| ၉။ | ဒေါက်တာမန်းသက်စံ | ဒုတိယဝန်ကြီး | အမှတ်(၂) စက်မှုဌာန |
| ၁၀။ | ဦးကျော်ဇ | ဒုတိယဝန်ကြီး | အမှတ်(၂) စက်မှုဌာန |
| ၁၁။ | ဦးဦးစောလှ | ဒုတိယဝန်ကြီး | အမှတ်(၂) စက်မှုဌာန |
| ၁၂။ | ဦးစောလှဖြူ | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၃။ | ဦးမျိုးမြင့် | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၄။ | ဦးဝင်းထိန် | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၅။ | ဦးကိုကိုသန်း | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၆။ | ဦးတင်မောင် | ဒုတိယဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၁၇။ | ဦးကျင်လှိုင် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဌာန |
| ၁၈။ | ဦးစံတင့် | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၁၉။ | ဒေါက်တာချစ် | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၂၀။ | ဦးကျော်သန်း | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၂၁။ | ဦးကျော်ခင် | ဒုတိယဝန်ကြီး | ကျန်းမာရေးဌာန |
| ၂၂။ | ဗိုလ်မှူးကြီးထွန်းလှဖြူ | ဒုတိယဝန်ကြီး | ကျန်းမာရေးဌာန |
| ၂၃။ | ဒေါက်တာ မောင်မောင်အေး | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၄။ | ဒေါက်တာမောင်ဒီ | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၅။ | ဦးသောင်းထွန်း | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၆။ | ဦးကျော်ထိန် | ဒုတိယဝန်ကြီး | လယ်ယာနှင့် သစ်တောဌာန |
| ၂၇။ | ဗိုလ်မှူးကြီးအောင်ဝင်း | ဒုတိယဝန်ကြီး | လယ်ယာနှင့် သစ်တောဌာန |
| ၂၈။ | ဦးခင်မောင်ရီ | ဒုတိယဝန်ကြီး | ကုန်သွယ်ရေးဌာန |
| ၂၉။ | ဦးပေါ်ခန်သန်း | ဒုတိယဝန်ကြီး | လူမှုဝန်ထမ်းဌာနနှင့် အလုပ်သမားဌာန |
| ၃၀။ | ဦးတိုက်စိုး | ဒုတိယဝန်ကြီး | ပြန်ကြားရေးဌာန |
| ၃၁။ | ဗိုလ်မှူးကြီးအောင်ဌေး | ဒုတိယဝန်ကြီး | ပြန်ကြားရေးဌာနနှင့် ယဉ်ကျေးမှုဌာန |
| ၃၂။ | ဦးတင်အုန်း | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၃။ | ဦးစောလှိုင် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၄။ | ဦးလှရွှေ | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၅။ | ဗိုလ်မှူးကြီး မောင်မောင်အေး | ဒုတိယဝန်ကြီး | မွေးမြူရေး နှင့် ရေလုပ်ငန်းဌာန |

(ပုံ) **မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂) (XII International Fourm ATOMEXPO 2022) ဒုတိယနေ့သို့ တက်ရောက်လေ့လာဆွေးနွေး




ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom ကုမ္ပဏီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MOU) ကို လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022) ဒုတိယနေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာ အခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022)တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ နျူကလီးယားနှင့်ပတ်သက်ဆက်စပ်သော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထားရှိမှု၊ နျူကလီးယား ဆေးပညာဆိုင်ရာပြခန်းများ၊ Safety ဝတ်စုံများ ခင်းကျင်းပြသထားမှုများ၊ Research Reactor များအတွက် စက်ပစ္စည်းထုတ်လုပ်မှု ပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စူစမ်းလေ့လာတိုင်းတာမှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom ကုမ္ပဏီနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MOU) ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် Sirius Park of Science and Art ရှိ Atom ခန်းမတွင်ပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေး (Plenary Session) တွင် "Nuclear Spring: creating sustainable future" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုကို တက်ရောက်ဆွေးနွေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ၂၀၂၂ ခုနှစ် ATOMIC ဖိုရမ်ကိုတက်ရောက်ရန် ဖိတ်ကြားပေးသည့် Rosatom ၏ အကြီးအကဲဥက္ကဋ္ဌ အလက်ဆီလီကာချော့ကို ကျေးဇူးတင်ရှိပါကြောင်း၊ တည်ဆောက်ပြီး Nuclear Power Plant၊ Small Scale Hydro-power Plant၊ Wind Power နှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာအတွက် ကျောင်း၊ တက္ကသိုလ်များကို လိုက်လံပြသသည့်အပြင် Nuclear စွမ်းအင်ဆိုင်ရာ လက်မှတ်ရေးထိုးနိုင်သည့်အတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ မိတ်ဖက်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်မြောက်စိန်ရတုသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါစိန်ရတုပြီးနောက်ပိုင်းတွင်လည်း နှစ်ပေါင်းကြာရှည်စွာ စီးပွားရေး၊ လူမှုရေး၊ နည်းပညာစသော ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။

၂၀၂၂ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum -2022)သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်စဉ်က FEFU Campus တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံရာ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် Nuclear စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်က (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး (Plenary Session) ၌လည်း ပါဝင်တက်ရောက်ပြီး စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်း ကောင်းများခေါင်းစဉ်ဖြင့် ဆွေးနွေး ပြောကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကမ်းလွန် လုပ်ကွက်များရှိကြောင်း၊ ထို့ပြင် ရေအား အရင်းအမြစ်များ၊ ဆိုလာနှင့် Wind Power ထုတ်လုပ်နိုင်သည့် နေရာများစွာ ဓာတ်အား အပြည့်အဝရရှိနိုင်ရေး အထူး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် စက်မှုလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံများမှ နျူကလီးယားနည်းပညာအသစ်ဖြင့် ဆောင်ရွက်ထားသော အသေးစား ဓာတ်အားပေးစက်ရုံ Small Modular Reactor-SMR မှာ နေရာအကျယ်အဝန်း မြောက်မြားစွာမလိုခြင်း၊ ဓာတ်အားခ ဈေးနှုန်းသက်သာခြင်း၊ နိုင်ငံစီးပွားအတွက် များစွာအထောက်အကူဖြစ်ခြင်း၊ အချိန်တို ကာလအတွင်း တည်ဆောက်နိုင်ခြင်း၊ အထူးသဖြင့် ဝေးလံခေါင်သီသောနေရာများ၊ စက်မှုဇုန်များကို သီးခြားဓာတ်အားပေး ဆောင်ရွက်နိုင်ခြင်း စသည့်အားသာချက်ရှိသည်အတွက် စိတ်ပါဝင်စားသူများ အနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ကြားပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များနှင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ဓာတ်အား ထုတ်လုပ်မှုအပိုင်းတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom နှင့် ပူးပေါင်းပြီး Small Moduler Reactor (SMR) အပြင် အသေးစားရေအားနှင့် Wind Power များကိုလည်း ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် များစွာလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ် များရှိသည့်အတွက် နိုင်ငံတကာ လက်ရှိကြုံတွေ့နေရသော စွမ်းအင်အခက်အခဲကို ကျော်လွှားနိုင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက အလှည့်ကျဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mikhail Chudakov က ပြည်ထောင်စုဝန်ကြီးများကို အလွတ်သဘောလာရောက်တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မျက်နှာစုံညီ အစည်းအဝေး (Plenary Session: Floating Nuclear Power Plant) သို့ တက်ရောက်ပြီး လက်ရှိမျက်မှောက်ကမ္ဘာ့စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြပြီး ဖြစ်နိုင်ခြေကို ဆန်းစစ်လေ့လာသုံးသပ်ကြသည်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားအကယ်ဒမီသိပ္ပံ (Russian academy of science)မှ ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် ရုရှားအကယ်ဒမီသိပ္ပံ (Russian academy of science) မှ ဒုတိယဥက္ကဋ္ဌက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို (၁၂)ကြိမ်မြောက် နျူကလီးယား နည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ်(၂၀၂၂)တွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာ အဆင့်မီ ကျွမ်းကျင်မှုပြည့်ဝသော ပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို လျင်မြန်စွာလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့် မြန်မာ့သိုင်းအားကစားပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

☆ ကျောဖုံးမှအဆက်

ဦးစွာ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆုနှင့် အကောင်းဆုံးဒိုင်လူကြီးဆုရရှိသူများ၊ အတန်းလိုက် အကောင်းဆုံးကစားသမားဆု၊ အတိုက်ဝိတ်တန်းအလိုက်ဖလားရရှိသည့် အသင်းများကို တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက်ဆုဖလားများကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် လေးခုဖြင့် တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်က တံခွန်စိုက်ဆုဖလားကိုပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ဇေယျာသီရိအားကစားရုံ(B)ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘော်လီဘောအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ တပ်မတော် ဘော်လီဘောကော်မတီဥက္ကဋ္ဌ တပ်ထိန်းချုပ် ဗိုလ်ချုပ်သက်ထွန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး နေရာအလိုက် အကောင်းဆုံးဆု၊ အကောင်းဆုံးဘော်လီဘောအားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုရရှိသည့် အသင်းများကို တပ်မတော်အရာရှိကြီးများက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းကို တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ တပ်ထိန်းချုပ် ဗိုလ်ချုပ်သက်ထွန်းဦးက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၂၂ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။

အလားတူ ဇေယျာသီရိအားကစားရုံ(C)ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းအားကစားပြိုင်ပွဲမှ ၂၀၂၂ခုနှစ် (၂၉) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ သိုင်းပညာရှင်ဆရာကြီး ဦးစိန်ဝင်းနှင့် တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ သိုင်းပညာရှင်ဆရာကြီး ဦးစိန်ဝင်း၊ တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့သိုင်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ကိုးခုနှင့် ကြေးတံဆိပ် ငါးခုဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်က စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ဝှေ့အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ (က)အဆင့်နှင့် အလွတ်တန်းဆင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလွတ်တန်းအဆင့်အားကစားသမားများ၊ တပ်မတော်ဒိုင်လူကြီးများ၊ (က)အဆင့်ကစားသမားများ၊ (က)အဆင့်နှင့် အလွတ်တန်းအဆင့် အကောင်းဆုံးလက်ဝှေ့ကစားသမားဆုရရှိသူများနှင့် (က)အဆင့်နှင့် အလွတ်တန်းအဆင့် ဒိုင်းဆုရရှိသောအသင်းများကို တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက်ဆုဖလားများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် လက်ဝှေ့အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်က တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို အားကစားနည်းကိုးနည်းဖြစ်သည့် ဘောလုံး၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဂျူဒို၊ ဘော်လီဘောနှင့် လက်ဝှေ့အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၄ ရက်က စတင်ကျင်းပခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

## နိုဝင်ဘာ ၂၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦးတွေ့ရှိ ယနေ့ တစ်ဦးသေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၀၆၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦးတွေ့ရှိခဲ့ပြီး ယနေ့တွင် တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၀၉၆ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၅၃၈ ဦး |

သိပ္ပံနှင့် လူမှုရေး ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်အဝဖြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာ့ဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဒီဇင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၀ (စာတည်းဌာန)
၀၉ ၃၂၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများနှင့် ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တရားခံများကို ဖမ်းဆီးရမိ




**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီး ရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာ၊ ဘူတာ ရုံးခန်းအတွင်းသို့ ပစ္စတိုတစ်လက်ကိုင် ဆောင်ထားသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦး ဝင်ရောက်လာပြီး ဘူတာ စာရေး ဦးသိန်းဝင်းထွန်းအား လက်နက် ဖြင့်ခြိမ်းခြောက်ကာ ရုံးခန်းအတွင်းရှိ ဆိုင်ခန်းခကောက်ခံငွေနှင့် ရထားလက်မှတ် ရောင်းရငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကျော်ကို လုယက်ယူဆောင်သွားခဲ့ ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့က တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် ဗဟန်း မြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည် လမ်းဟောင်းရှိ လက်ဖက်ရည်ဆိုင်၌ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီး ရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာ၊ ဘူတာ ရုံးခန်းအား ဓားပြတိုက်လုယက်ရာတွင် ပါဝင်ခဲ့သည့် သူရိန်ထွန်း(ခ)ဖိုးသား၊ ၎င်း နှင့် တရားမဝင်ပေါင်းသင်းနေသူ အိအိဇော်နှင့် ဝေလင်းအောင်တို့ သုံးဦး ကို ဖမ်းဆီးရမိခဲ့သည်။

တရားခံ သူရိန်ထွန်း(ခ)ဖိုးသား၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရေချမ်းသာ ကွန်ဒို တိုက်အမှတ်(၁၀/ဘီ) ၁၅ လွှာ အခန်းအမှတ်(၂၁၇)၌ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ပါဝင်သည့်ဆက်စပ် တရားခံများဖြစ်သော ရဲရင့်ခန့်နှင့် ထွန်းလင်းအောင်တို့ နှစ်ဦးကို ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

တရားခံထွန်းလင်းအောင်၏ ထွက်ဆို ချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ် မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ် (၃၀၃)၌ Glock ပစ္စတိုတစ်လက်၊ Sig Sauer ပစ္စတိုတစ်လက်၊ အမျိုးအစား (စိစစ်ဆဲ)ပစ္စတိုတစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ အသံတိတ် ပြောင်း တစ်ခု၊ လက်ပစ်ဗုံးမျိုးစုံ ၃၃ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ TNT ယမ်းတောင့် ၁၆ တောင့်၊ ဒီတိုနေတာ အချောင်း ၁၀၀ နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှု ကျူးလွန်ရာ၌ ပါဝင်ခဲ့သည့်တရားခံ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ငါးဦးတို့ကို ပစ္စတိုမျိုးစုံ သုံးလက်၊ ခြောက်လုံးပြူး တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂တောင့်၊ အသံ တိတ်ပြောင်း တစ်ခု၊ လက်ပစ်ဗုံးမျိုးစုံ ၃၃ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ TNT ယမ်းတောင့် ၁၆ တောင့်၊ ဒီတိုနေတာ အချောင်း ၁၀၀ နှင့် ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက် အရ သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့်တို့ နှစ်ဦးသည် ဖမ်းဆီးရန်ကျန်တရားခံ အားညီ၏ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် KNLA တပ်မဟာ(၇) လှုပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေး သင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ကြောင်းနှင့် ဓားပြတိုက် လုယက်မှုကျူးလွန်ရာတွင် အသုံးပြုမည့် လက်နက်၊ခဲယမ်းများကို ဖမ်းဆီးရန်ကျန် တရားခံ အားညီသည် မြဝတီမြို့မှတစ်ဆင့် သူရိန်ထွန်း(ခ)ဖိုးသားထံသို့ ပို့ဆောင်ပေး ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက် အရ ဓားပြတိုက်လုယက်မှုဖြစ်စဉ်မဖြစ် ပွားမီ ဘူတာစာရေး သန်းဇော်ဦး(နိုဝင်ဘာ ၁ ရက်တွင် ဖမ်းဆီးရမိ)သည် လက်ဖက်ရည် ဆိုင်သို့ ကြိုတင်သွားရောက်စောင့်ဆိုင်းနေ ခဲ့ပြီး သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့် တို့ကိုဖုန်းဆက်၍ ပုဇွန်တောင်ဘူတာရုံးခန်း ၌ ဘူတာစာရေး ဦးသိန်းဝင်းထွန်းတစ်ဦး တည်းသာကျန်ရှိနေခဲ့ပြီး ဝင်ရောက်ဓားပြ တိုက်လုယက်ရန် သတင်းပေးခဲ့ကြောင်း၊ သို့ဖြစ်၍ သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့် တို့သည် ပစ္စတိုတစ်လက် ကိုင်ဆောင်ကာ ပုဇွန်တောင်ဘူတာ ရုံးခန်းအတွင်းသို့ဝင် ရောက်၍ ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့ပြီး ထွန်းလင်းအောင်က အခြေအနေစောင့် ကြည့်ပေးခဲ့ကြောင်း **စာမျက်နှာ ၂၆ သို့**




**၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ်(၃၀၃)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။**




**၂၀၂၂ ခုနှစ် ဇူလိုင် ၃ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**



**မဆုသီရိထွန်း (မစိုးရိမ်ရ)။**



**မသင်းသင်းထွေး (မစိုးရိမ်ရ)။**



**၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင် တာမွေမြို့နယ် ကျောက်မြောင်းကြီး အရှေ့ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရာအိမ်မှူးတစ်ဦးကို အကြမ်းဖက်သမားများက သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။**



**၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင် မီးရထားဝင်းအတွင်းရှိ သက်သာဆိုင်၌ အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရမှုမှတ်တမ်းဓာတ်ပုံ။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့အား ဂုဏ်ပြုပေးအပ်ချီးမြှင့်သည့် လက်ဆောင်ပစ္စည်းများကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၃**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို နိုဝင်ဘာ ၄ ရက် မှ ၂၀ ရက်ထိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၅၀၃၇ ဦး၊ ခွဲစိတ်ရောဂါ ၇၅၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၂၂ ဦး၊ ကလေးရောဂါ ၇၀၅ ဦး၊ အရိုးရောဂါ ၂၂၈၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၅၃ ဦး၊ မျက်စိရောဂါ ဦးရေ ၂၈၇၀ နှင့် သွားရောဂါ ၉၂၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၃၈၅၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၂၁၄ ဦး၊ အထွေထွေခွဲစိတ်လူနာ ၄၁ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာဦးရေ ၈၀၊ Ultrasound ရိုက်လူနာ ၅၇၉ ဦး၊ဓာတ်ခွဲစမ်းသပ်လူနာ ၅၈၁ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် နှစ်ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ဝင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းကပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့များပါဝင်သော တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် ၁၅ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၂၆၁၆၇ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၁၇ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များကို တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်စဉ်။**

---

**စာမျက်နှာ ၂၅ မှအဆက်**

ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် အားညီ၏ ခိုင်းစေမှုဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ်နှင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးကို သူရိန်ထွန်း(ခ)ဖိုးသားနှင့် ထွန်းလင်းအောင်တို့က လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဩဂုတ် ၈ ရက်တွင် တာမွေမြို့နယ် ကျောက်မြောင်းကြီး (အရှေ့)ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရာအိမ်မှူး ဦးကျော်မင်းဟန်အား သူရိန်ထွန်း(ခ) ဖိုးသားက ပစ္စတိုဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွန်းလင်းအောင်ကအခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

စက်တင်ဘာ ၁၀ ရက်တွင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ဗညားဒလလမ်းပေါ်၌ သူရိန်ထွန်း(ခ) ဖိုးသားနှင့် ထွန်းလင်းအောင်တို့ကလက်လုပ်ရီမုမိုင်းတစ်လုံးဖောက်ခွဲခဲ့ပြီး ရဲရင့်ခန့်က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

စက်တင်ဘာ ၁၃ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်မီးရထားဝင်းအတွင်းရှိ သက်သာဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးအောင်အောင်အား သူရိန်ထွန်း(ခ)ဖိုးသားက ပစ္စတိုဖြင့်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ထွန်းလင်းအောင်က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးကဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ စွမ်းပြည့်အောင်သည် ၎င်းအသုံးပြုသည့် "Swan Pyai Aung"Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ ခိုင်ခိုင်ထွန်း(ခ)ထွေးထွေးနှင့် ကန်ကောက်ရပ်ကွက်နေ အေးအေးခိုင်တို့သည် ၎င်းတို့အသုံးပြုသည့် "Htwe Htwe"Facebook အကောင့်၊ "Aye Aye Khaing"Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျောက်ကာကွင်ကျေးရွာနေ မင်းကျော်သည် ၎င်းအသုံးပြုသည့် "Min Kyaw Thar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို တောင်သူများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ



**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး ညောင်ဦးမြို့ အောင်မြေဇောမိ ဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းသို့ နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်းက သွားရောက်ပြီး နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍိဝံသ အမှူးပြု၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ အလိုတော်ပြည့် စာသင်တိုက်ဆရာတော်နှင့် ပင့်သံဃာတော်တို့အားဖူးမြော်ကာ ဩဝါဒများခံယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားကာ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နဝကမ္မဝတ္ထု ငွေကျပ် သိန်း ၂၀၊ ညောင်ဦးမြို့နယ်ရှိ ဘုန်းတော်ကြီးသင်စာသင်ကျောင်း ခုနစ်ကျောင်းအတွက် လှူဒါန်းငွေကျပ် ၃၅ သိန်း၊ စာသင်တိုက်များ ဆွမ်း၊ ဆန်၊ ဆီအတွက် ငွေကျပ် ၂၀၂၀၀၀၀ တို့ကို လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယွန်းပညာကောလိပ်(ပုဂံ)ရှိ အစည်းအဝေးခန်းမတွင် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ရေရရှိရေးအတွက် ရေရှားပါးသည့်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ တောင်သူများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ တက်ရောက်လာသည့် တောင်သူများက လိုအပ်ချက်များတင်ပြမှုအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအထောက်အကူဖြစ်စေရန်အတွက် ကျေးရွာအုပ်စု ၄၆ အုပ်စုအတွက် ချီးမြှင့်ငွေကျပ် ၄၆သိန်း၊ တက်ရောက်လာသော တောင်သူ ဦးရေ ၁၅၀ အတွက် ချီးမြှင့်ငွေကျပ် ၇၅၀၀၀၀ တို့ကိုပေးအပ်ကာ တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါကောလိပ်ခန်းမတွင် ညောင်ဦးခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်က ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးတင်ပြကြပြီးနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ညောင်ဦးမြို့နယ် ငါ့သရောက်မြို့နယ်မြေရဲစခန်းတွင် တာဝန်ထမ်းဆောင်ရင်းကျဆုံးခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ၎င်းတို့၏မိသားစုဝင်များအား ထောက်ပံ့ငွေကျပ် ၁၂၀ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်ရဲမှူးကြီးထံသို့ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဂံမြို့သစ် ခန့်တာတင်ရပ်ကွက်ရှိ ဦးဘငြိမ်း ယွန်းထည်ပစ္စည်းအရောင်းဆိုင်နှင့်ယွန်းထည်ပစ္စည်းထုတ်လုပ်နေမှုအဆင့်ဆင့်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လမ်းလုပ်ငန်းဦးစီးဌာနကဆောင်ရွက်နေသည့် ညောင်ဦးလေဆိပ်လမ်းဆုံမှ ပုဂံမြို့သစ်အဝင်လမ်း လမ်းသစ် အရှည်မိုင် ၅ မိုင် ၂ ဖာလုံအား စက်ယန္တရားကြီးများဖြင့် ထပ်ပိုးလွှာတင်နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုဂံဟိုတယ်ရှိ ခန်းမဆောင်တွင် ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့မှ MSME လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင် လုပ်ငန်းရှင်ကြီးများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး MSME လုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲ လိုအပ်ချက်များကိုရှင်းလင်းတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် ရွှေလှိုင်းကျေးရွာအနီးတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် တောင်ဇင်းချောင်း မြေအောက်တမံတည်ဆောက်ရေးလုပ်ငန်းနှင့် ညောင်တိုကျေးရွာ၏ မြောက်ဘက် ၁၅ မိုင်ခန့်တွင် တည်ရှိသည့် မြကန်ရေလှောင်တမံစီမံကိန်းလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီး၌ သံဃာတော်များအပါအဝင် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်



PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများက ဆေးဝါးကုသမှုများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ သဘာဝတရားရိပ်သာမှ သံဃာတော်နှစ်ပါး၊ သာသနာ့နွယ်ဝင် သီလရှင်သုံးပါး၊ဒါယကာ၊ ဒါယိကာမ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၆ ဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်အမျိုးအစား Hi Ace မော်တော်ယာဉ်အမှတ်၊ 2K/---- နှင့် မော်တော်ယာဉ်အမှတ်၊ SN/---- နှစ်စီးကို နိုဝင်ဘာ ၂၂ ရက် ည ၉ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၎င်းမော်တော်ယာဉ်နှစ်စီးသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ ထွက်ခွာခဲ့ရာ ည ၉ နာရီခွဲခန့်တွင် ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီးသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ယာဘက် မီတာ ၂၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်တစ်စီးမှာ လမ်းဘေးသို့ထိုးကျခဲ့ပြီး ကျန် တစ်စီးမှာ ရပ်တန့်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်ပေါ်တွင်လိုက်ပါစီးနင်းလာသည့် ဆရာတော် ဘဒ္ဒန္တဇနက ၂၅ နှစ်သည် ဦးခေါင်းတွင်ကျည်ဖောက်ဝင်ဒဏ်ရာများရရှိခဲ့ပြီး ပျံလွန်တော်မူခဲ့ကြောင်း၊ ဒေါ်အေးသီတာလွင်၊ ဦးနန်းဦးနှင့် ဦးသက်အောင်ဇော်တို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။

ယင်းနောက် PDF အမည်ခံ အကြမ်းဖက်သမားများက ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်းတို့အားလုံးကို မော်တော်ယာဉ်ဖြင့် ကဒဲကျေးရွာဘုန်းတော်ကြီးကျောင်းသို့ခေါ်ဆောင်သွားခဲ့ပြီး ဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်အား ယနေ့ နံနက် ၈ နာရီခန့်တွင် ကဒဲကျေးရွာသင်္ချိုင်း၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကာ ဖမ်းဆီးခံခဲ့ရသူများကို မွန်းလွဲပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သူများကို ထားဝယ်မြို့သို့ပို့ဆောင်၍ နယ်မြေခံတပ်မတော်ဆေးရုံမှ တာဝန်ရှိသူများက လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ၊ ယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

# ယခုနှစ် ကော်ဖီရာသီအစတွင် ထိုင်းနိုင်ငံက ဝယ်ယူမှုမြင့်တက်နေခြင်းကြောင့် မြန်မာ့ကော်ဖီများ ဈေးကောင်းရရှိနေ



**တောင်ကြီး နိုဝင်ဘာ ၂၃**

ယခုနှစ် ကော်ဖီရာသီအစတွင် ထိုင်းနိုင်ငံက ကော်ဖီဝယ်ယူမှု မြင့်တက်နေခြင်းကြောင့် မြန်မာ့ကော်ဖီများ ဈေးကောင်းရရှိနေကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း(ရှမ်းပြည်နယ်)မှ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းထွန်းအောင်ထံမှ သိရသည်။

ယခုနှစ် ကော်ဖီရာသီအစတွင် ထိုင်းဝယ်လက်များ ကော်ဖီစိုက်ခင်းများအရောက် ကွင်းဆင်းဝယ်ယူနေခြင်းကြောင့် ယခင်နှစ်ထက် ကော်ဖီဈေးနှုန်း သုံးဆခန့်ထိ တက်ကာ ဈေးကောင်းရရှိနေခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်က ကော်ဖီစေ့ တစ်ပိဿာကို ငွေကျပ် ၈၀၀ လောက်သာရရှိခဲ့ပေမဲ့ အခုနှစ် ကော်ဖီစတင်ထွက်ရှိချိန် ကော်ဖီစေ့ တစ်ပိဿာကို ငွေကျပ် ၂၅၀၀ ကျော်ထိ ဈေးကောင်းရနေပါတယ်။ ပြည်တွင်းမှာ ကော်ဖီကို နိုဝင်ဘာလမှ မတ်လထိ ခူးဆွတ်လေ့ရှိပြီး အခုနှစ် နိုဝင်ဘာလ ကော်ဖီရာသီအစမှာ ထိုင်းဝယ်လက်တွေက စိုက်ခင်းအရောက် ကွင်းဆင်းဝယ်ယူကြတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ကော်ဖီအသင်း(ရှမ်းပြည်နယ်)မှ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းထွန်းအောင်က ပြောပြသည်။

ဈေးကွက်ဝင် မြန်မာ့ကော်ဖီများကို ပြည်ပသို့ ကော်ဖီတင်ပို့ရောင်းချသည့်ကာလမှာ နှစ်ကုန်ပိုင်းထိဖြစ်ပြီး မြန်မာ့ကော်ဖီတင်ပို့မှုမှာ နှစ်စဉ်တန်ချိန် ၄၀၀ ခန့်ရှိကာ ၂၀၁၉ ခုနှစ်က တန်ချိန် ၅၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ ပြည်တွင်းကော်ဖီဈေးကွက်တွင် ရွာငံ၊ ပင်လောင်း၊ ဟိုပုန်း၊ မိုးကုတ်နှင့် ပြင်ဦးလွင်ဒေသထွက် အထူးတန်းဝင် မြန်မာ့ကော်ဖီများကို ယခင်နှစ်များထက် ထိုင်းဝယ်လက်များက ပိုမိုစိတ်ဝင်စားလာကြောင်း သိရသည်။

ကော်ဖီကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း ဦးစိုင်းထွန်းအောင်က ပြောပြ၍ သိရသည်။ ASH

# ဘားအံမြို့နယ် ထုံးအိုင်ခေတ်မီစံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ထုံးအိုင်ကျေးရွာအုပ်စု ထုံးအိုင်ခေတ်မီစံပြ(Smart Village)ကျေးရွာ၌ ဆိုလာစွမ်းအင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ထုံးအိုင်ခေတ်မီစံပြ(Smart Village)ကျေးရွာ၌ ဆိုလာစွမ်းအင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ(နည်းပညာ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၅ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လစတုတ္ထပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၈၃၇ အိမ်၊ လူ ၁၀၁၂၉ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။

**နိုးမိုးကျော်**

# အင်းတော်မြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံ ၂၅၅၅ ဧက စိုက်ပျိုးပြီးစီး

**အင်းတော် နိုဝင်ဘာ ၂၃**

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၂၅၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် ပဲမျိုးစုံ ၆၉၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၅၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ပဲမျိုးစုံသီးနှံ ၆၉၄၃ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ၂၅၅၅ ဧက စိုက်ပျိုးပြီးပါပြီ။ အခု ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ပဲမျိုးစုံသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံသီးနှံအတွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၃၉၅ ဧက၊ မြေထောက်ပဲ ဧက ၁၇၈၀၊ အခြားပဲဧက ၃၈၀ စုစုပေါင်း ၂၅၅၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# ပွင့်ဖြူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၅ သန်းဖြင့် ပွင့်ဖြူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိမိလွင်နှင့် တာဝန်ရှိသူများက ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၅ သန်း အသုံးပြု၍ ပွင့်ဖြူမြို့နယ် မုန်းဇလဲ-ကျောင်းကုန်းကြီးကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ ဂဝံမြေနီလမ်းနှင့် အရွှေ့လေးအိမ်ကျေးရွာ-လက်တံ(၁၁)၌ အရှည်တစ်မိုင်၊ အကျယ် ၁၈ ပေ၊ အမြင့်ရှစ်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်း၊ ဖလံတောကျေးရွာ- ရွာသာကြီးကျေးရွာချင်းဆက်လမ်းပေါ်၌ အရှည် ၁၅ ပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်မိမိလွင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ဂဝံမြေနီလမ်းခင်းခြင်းနှင့် အရှည် ၁၅ပေရှိ Box Culvert သုံးစင်းတည်ဆောက်ခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကတာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာ၊ မုန်းဇလဲကျေးရွာ၊ ဖလံတောကျေးရွာ၊ ရွာသာကြီးကျေးရွာနှင့် အရွှေ့လေးအိမ်ကျေးရွာတို့မှ အိမ်ခြေ ၂၃၃၈ အိမ်၊ လူ ၁၁၆၁၈ ဦး၏ လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မိမိလွင်က ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြစ်သားမြို့နယ် မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ထုတ်ချေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြိုင်ကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို ယခုဘဏ္ဍာနှစ်တွင် ပထမအကြိမ်အဖြစ် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး လုပ်ကိုင်နိုင်ရန်အတွက် မြိုင်ကုန်းကျေးရွာတွင် စီမံကိန်းချေးငွေကျပ်သိန်း ၂၀၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ ပထမအကြိမ်အဖြစ် ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ဖိလစ်ပိုင်တွင် စစ်ရေးဆိုင်ရာအကူအညီများပေးအပ်သွားမည့် အမေရိကန်


ဖိလစ်ပိုင်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို တွေ့ရစဉ်။

အမေရိကန်သည် ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသော လုံခြုံရေးဆိုင်ရာသဘောတူစာချုပ်အရ ဖိလစ်ပိုင်ရှိ စစ်အခြေစိုက်စခန်းသုံးခု၌ လေ့ကျင့်ရေးနှင့် စစ်လက်နက်ပစ္စည်းသိုလှောင်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅ သန်းအသုံးပြုသွားရန် သဘောတူညီထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံက ထုတ်ပြန်ကြေညာသွားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသဘောတူစာချုပ် (EDCA) အရ ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းသုံးခု၌ ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာန(DND)၏ထုတ်ပြန်ချက်၌ ဖော်ပြထားရှိသည်။

EDCA အရ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းနှင့် စီမံကိန်းများပြုပြင်ခြင်း၊ အခြေခံအဆောက်အအုံသစ်များ ထပ်မံတည်ဆောက်ခြင်း၊ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် စီမံကိန်းလုပ်ငန်းနေရာသစ်များ ရှာဖွေခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း DND က ထုတ်ပြန်ထားရှိသည်။ အကောင်အထည်ဖော်သွားမည့် စီမံကိန်းသစ်များမှာ လေတပ်အခြေစိုက်စခန်းသုံးခု၌ လေ့ကျင့်ရေး၊ စစ်လက်နက်ပစ္စည်းသိုလှောင်ရေးနှင့် အခြားသော အခြေခံအဆောက်အအုံများပါရှိမည်ဖြစ်သည်။

ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနသည် ဒေသတွင်း၌ လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် အမေရိကန်တပ်ဖွဲ့ဝင်များနှင့်ပူးတွဲစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်နိုင်ရေးအတွက်လည်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း ၎င်း၏ထုတ်ပြန်ချက်၌ ဖော်ပြထားရှိသည်။

၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော EDCA သည် တောင်တရုတ်ပင်လယ်ပြင်၌ တရုတ်နိုင်ငံ၏စစ်ရေးအင်အားတိုးချဲ့တည်ဆောက်မှုများတိုးမြှင့်လုပ်ဆောင်နေစဉ် ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားခွင့်ပြုထားခြင်းဖြစ်သည်။ ထို့နောက် ဖိလစ်ပိုင်သည် စစ်အခြေစိုက်စခန်းငါးခု၌ အမေရိကန်တပ်ဖွဲ့ဝင်များ အလှည့်ကျတပ်ဖြန့်ချထားရန်ခွင့်ပြုထားခဲ့ပြီး အမေရိကန်အစိုးရကလည်း အဆိုပါစစ်အခြေစိုက်စခန်းငါးခု၌ စစ်ရေးဆိုင်ရာအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်သွားရန် စိတ်ပါဝင်စားကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။

သို့သော် ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းခန့်တွင် ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲ၌ ဒူတာတေ ရွေးကောက်ခံရပြီးနောက်ပိုင်း အဆိုပါသဘောတူညီချက်များကို ခေတ္တရပ်ဆိုင်းထားခဲ့ရသည်။ သမ္မတဒူတာတေသည် အမေရိကန်အပေါ် တင်းမာသောသဘောထားရပ်တည်ချက်ရှိခဲ့ပြီး တောင်တရုတ်ပင်လယ်ပြင်တွင် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာအငြင်းပွားမှုများရှိနေသည့်တိုင်အောင် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် လိုက်လျောဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံသို့သွားရောက်လည်ပတ်ကာ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာကို ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင်ချုပ်ဆိုခဲ့သော ကာကွယ်ရေးဆိုင်ရာအပြန်အလှန်သဘောတူစာချုပ်အရ ဖိလစ်ပိုင်နှင့်အမေရိကန်ကြား ကာကွယ်ရေးဆိုင်ရာ နီးစပ်သောဆက်ဆံရေးများရှိခဲ့ပြီး ဖိလစ်ပိုင်ကျွန်းစုများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားခွင့်ရရှိခဲ့သည်။ သို့သော် သမ္မတဒူတာတေ တာဝန်ထမ်းဆောင်ခဲ့သည့် ခြောက်နှစ်တာကာလတွင် ဖိလစ်ပိုင်-အမေရိကန်ဆက်ဆံရေးမှာ ကောင်းမွန်သောအခြေအနေမရှိဘဲ အေးခဲနေခဲ့သည်။

ထို့ကြောင့် ဒူတာတေသည် သမ္မတတာဝန်ထမ်းဆောင်ခဲ့သည့် ခြောက်နှစ်တာကာလတွင် အမေရိကန်သို့ သွားရောက်လည်ပတ်ခဲ့ခြင်းမရှိသည့်အပြင် တိုင်းပြည်အတွင်း မဟာမိတ်တပ်ဖွဲ့များ တပ်ဖြန့်ချထားခြင်းကြောင့် ဖြစ်ပေါ်လျက်ရှိသည့်ဝန်ထုပ်ဝန်ပိုးများကိုလည်း လျှော့ချသွားရန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၎င်းတို့အနက် အရေးကြီးဆုံးစာချုပ်မှာ ၁၉၉၈ ခုနှစ်တွင် ချုပ်ဆိုခဲ့သော မဟာမိတ်တပ်ဖွဲ့ဝင်များလာရောက်လည်ပတ်ရေးစာချုပ်(VFA) ပင်ဖြစ်သည်။ ၎င်းစာချုပ်အရ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖိလစ်ပိုင်တွင်အလှည့်ကျတပ်ဖြန့်ချထားခွင့်ရှိမည်ဖြစ်ပြီး EDCA အောက်တွင် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရာတွင်လည်း များစွာအရေးပါလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ဒူတာတေသည် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများနှင့်အသုံးပြုသူများကို နှိမ်နင်းဖြိုခွင်းရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဟုဆိုကာ အမေရိကန်သို့ ဝင်ရောက်ခွင့်ဗီဇာရုပ်သိမ်းခံခဲ့ရပြီး ဒူတာတေက ထိုသို့ရုပ်သိမ်းမှုအပေါ် တုံ့ပြန်သည့်အနေဖြင့် VFA ကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် တိုင်းပြည်အတွင်း၌ အမေရိကန်နှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလိုလားသူ နိုင်ငံရေးသမားများ၏ဖိအားပေးမှုများကြောင့် VFA သဘောတူညီချက်ကို ၁၈ လကြာ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထို့နောက် အမေရိကန်ကာကွယ်ရေးဝန်ကြီး အော်စတင်သည် ၂၀၂၁ ခုနှစ်အတွင်း ဖိလစ်ပိုင်သို့ သွားရောက်လည်ပတ်ပြီးနောက် VFA သဘောတူညီချက် ပယ်ဖျက်ထားမှုကို အဆုံးသတ်နိုင်ခဲ့သည်။

EDCA အရ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ပြန်လည်အကောင်အထည်ဖော်နိုင်ခြင်းသည် သမ္မတ ဖာဒီနန်မားကို့စ်လက်ထက်တွင် စတင်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇူလိုင်လတွင် စတင်တာဝန်ထမ်းဆောင်လျက်ရှိသော မားကို့စ်သည် ဒူတာတေလက်ထက်တွင် အေးခဲနေခဲ့သော အမေရိကန်နှင့်ဆက်ဆံရေးကို ပြန်လည်တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံလုံခြုံရေးအတွက် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဆိုသော ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်သည် အမေရိကန်ဒုတိယသမ္မတ ကာမလာဟားရစ်၏ ဖိလစ်ပိုင်ခရီးစဉ်မတိုင်မီ ပေါ်ထွက်လာခြင်းဖြစ်သည်။

**❖ ဟားရစ်၏ခရီးစဉ်သည် တောင်တရုတ်ပင်လယ်ပြင်တွင် စည်းမျဉ်းစည်းကမ်းအခြေခံသော နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာအခင်းအကျင်းကို ဆက်လက်ထိန်းသိမ်းရာ၌ ဖိလစ်ပိုင်နှင့်အတူ ရပ်တည်သွားမည့် အမေရိကန်၏ခိုင်မာသောရပ်တည်ချက်ကို ထင်ဟပ်စေလျက်ရှိကြောင်း၊ အမေရိကန်သည် တောင်တရုတ်ပင်လယ်ပြင်တွင် တရားမဝင်ငါးဖမ်းမှုများ တန်ပြန်နှိမ်နင်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အသက်မွေးမှုလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် အကူအညီပေးသွားလိမ့်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားသည်။ ❖**

၎င်းသည် ဖိလစ်ပိုင်နိုင်ငံ ပါလာဝန်ကျွန်းသို့ သွားရောက်လည်ပတ်မည့် အမေရိကန်အစိုးရ၏ အဆင့်မြင့်ဆုံးပုဂ္ဂိုလ်ပင်ဖြစ်သည်။ ၎င်းကျွန်းသည် ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့ကပိုင်ဆိုင်ကြောင်း အသီးသီးအခိုင်အမာပြောဆိုလျက်ရှိသော စပရက်တလီကျွန်းစုနှင့် နီးကပ်စွာတည်ရှိလျက်ရှိသည်။

ဟားရစ်သည် ပါလာဝန်ကျွန်းသို့ ရောက်ရှိစဉ် ဒေသခံများ၊ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသွားရန်မျှော်မှန်းထားရှိကြောင်း၊ ၎င်းသည် အန်တိုနီယိုဘူတီစတာလေတပ်အခြေစိုက်စခန်းသို့လည်း သွားရောက်ရန်ရှိကြောင်း၊ ၎င်းစခန်းသည် EDCA အရ အမေရိကန်တပ်ဖွဲ့များ အလှည့်ကျတပ်ဖြန့်ချထားသော စစ်အခြေစိုက်စခန်းငါးခုအနက်မှတစ်ခုဖြစ်ကြောင်း ဘိုင်ဒင်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားသည်။

ဟားရစ်၏ခရီးစဉ်သည် တောင်တရုတ်ပင်လယ်ပြင်တွင် စည်းမျဉ်းစည်းကမ်းအခြေခံသော နိုင်ငံတကာပင်လယ်ရေကြောင်းဆိုင်ရာအခင်းအကျင်းကို ဆက်လက်ထိန်းသိမ်းရာ၌ ဖိလစ်ပိုင်နှင့်အတူ ရပ်တည်သွားမည့် အမေရိကန်၏ခိုင်မာသော ရပ်တည်ချက်ကို ထင်ဟပ်စေလျက်ရှိကြောင်း၊ အမေရိကန်သည် တောင်တရုတ်ပင်လယ်ပြင်တွင် တရားမဝင်ငါးဖမ်းမှုများ တန်ပြန်နှိမ်နင်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ အသက်မွေးမှုလုပ်ငန်းများအဆင်ပြေချောမွေ့ရေးအတွက် အကူအညီပေးသွားလိမ့်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားသည်။

အမေရိကန်အနေဖြင့် ဖိလစ်ပိုင်ရှိစစ်အခြေစိုက်စခန်းသုံးခု၌ စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၅ သန်းအသုံးပြုသွားမည်ဆိုသော သဘောတူညီချက်ကို ဒုတိယသမ္မတဟားရစ်၏ ဖိလစ်ပိုင်ခရီးစဉ်မတိုင်မီ ထုတ်ပြန်ကြေညာခဲ့ခြင်းသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းပင်ဖြစ်သည်။ ဟားရစ်သည် ဖိလစ်ပိုင်ခရီးစဉ်အတွင်း စပရက်တလီကျွန်းစုအနီးရှိ ပါလာဝန်ကျွန်းသို့ သွားရောက်လည်ပတ်ခြင်းသည် တရုတ်နိုင်ငံနှင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေသော ဖိလစ်ပိုင်နိုင်ငံကိုထောက်ခံကြောင်း ရည်ရွယ်လုပ်ဆောင်လာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နိုင်ငံ၏ စစ်လက်ရုံးဆန့်တန်းလာမှုကို လွတ်လပ်စွာ ရေကြောင်းသွားလာခွင့်အကြောင်းပြချက်ဖြင့် ဟန့်ချက်ထိန်းညှိနိုင်ရန် ဖိလစ်ပိုင်နိုင်ငံကို စစ်ရေးဆိုင်ရာအကူအညီများ တိုးမြှင့်လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**- US to spend $66 Million to Upgrade Philippine Security Facilities by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# လင်းခေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လင်းခေး နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် လင်းခေးမြို့နယ်အတွင်း နောင်တောင်ကျေးရွာနှင့် နမ့်နော်ကျေးရွာတို့၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သက်ဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်တောင်ကျေးရွာ၌ လမ်းအရှည်ပေ ၉၂၀၊ အကျယ်သုံးပေနှင့် အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် နမ့်နော်ကျေးရွာ၌ လမ်းအရှည်ပေ ၁၀၀၀၊ အကျယ် သုံးပေနှင့် အမြင့် လေးလက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လင်းခေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၂၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၆ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် နောင်တောင်ကျေးရွာနှင့် နမ့်နော်ကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာလေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက သက်ဆိုင်ရာကျေးရွာနေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုလွယ်ကူချောမွေ့စေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စများတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က ပြောပြ၍ သိရသည်။

**အေးသူ**


**မွေးသက္ကရာဇ်အမှန်**

ငါန်းဇွန်မြို့၊ အ. ထ. က(ငါန်းဇွန်)၊ ဆဌမတန်း(A)မှ မနှင်းပွင့်လွှာဦး (အဘ) ဦးဇင်ဖြိုးမောင်မောင်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းအရ ၁၁-၄-၂၀၀၈ ဖြစ်ပါကြောင်း။

၁၁-၄-၂၀၀၈

**မွေးသက္ကရာဇ်အမှန်**

ငါန်းဇွန်မြို့၊ အ. ထ. က(ငါန်းဇွန်)၊ အဌမတန်း(A)မှ မယဉ်ယဉ်သွယ် (အဘ) ဦးဝင်းအောင် ၏ မွေးသက္ကရာဇ်အမှန်မှာ မွေးဖွားစာရင်းအရ ၁၅-၂-၂၀၀၇ ဖြစ်ပါကြောင်း။

၁၅-၂-၂၀၀၇

**အများသိစေရန်ကြေညာခြင်း**

မန္တလေး၊ မဟာမြိုင်(၂)ရပ်ကွက်၊ လမ်း ၆၀ (B)၊ ၄၂ × ၄၃လမ်းနေ ဒေါ်နွယ်နွယ်သန်း၏ညီမဖြစ်သူ **ဒေါ်နိုင်ဝေမွန် (ခ) ဂျူးဂျူး (၉/မရမ(နိုင်)၀၈၂၉၆၄)** နှင့် သက်ဆိုင်သောငွေရေးကြေးရေး၊ ပေါင်နှံချေးငှား၊ အရှုပ်အရှင်းကိစ္စများကို မိမိနှင့် မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်သန်း (၉/မရမ(နိုင်)၀၂၀၆၆၃)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**







## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုသည့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ...

❖ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံ၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကလည်း နိုင်ငံသူ နိုင်ငံသားများအားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် လက်ဝှေ့အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့တွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ကျင်းပပြီး အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်းရှိ အားကစားကွင်း၊ရုံများနှင့်နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဇေယျာသီရိအားကစားရုံ (A)တွင် တပ်မတော်(ကြည်း၊ရေ၊လေ)တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများနှင့်ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**

စာမျက်နှာ - ၁၁-၂၂

**တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်း အပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ**

စာမျက်နှာ - ၂၆

## ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က"အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ "က"အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများကို နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports HD Channel နှင့် Skynet Sport 4 Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။


Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး



ပစ္စည်းထည့်ပုံးအမျိုးမျိုး



ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉